www.burmeseclassic.com



# မိုးဆက်နှင်းထက်

မနက်ဖြန်

DESIGN : KHANT MINN HTET

www.burmeseclassic.com

www.burmeseclassic.com

မိုးဆက်လင်းထက်

# မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၇၂၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၉၁၀၃၀၉ |
| အဖုံး ဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ဂဏ၊ ဒုတိယ(ယာ)၊ ၃ဂလမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (ဂ၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| တအုပ်ချုပ် | - | ဝင်းပ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ ၊ ၈၃

မိုးဆက်လင်းထက်

မနက်ဖြန်/ မိုးဆက်လင်းထက်။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ ၊ ၂၀၀၉ ။

၁၂၈ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) မနက်ဖြန်




ဒီစာအုပ်လေးမှာပါတဲ့ စာတိုလေးတွေကို ကာယကံရှင်ကိုယ်တိုင်က ခွင့်ပြုခဲ့တာပါ၊

ပထမဆုံး ကောင်းကျော်ဖိုးသိန်းကို

ပြောင်းလဲရေးမှုမှ ထိုးအားခဲ့သော ကျေးဇူး

ကျွန်တော်ပိုင်တော်ပုံဖွဲ့ စာကာယ်ကြိုးပမ်းခဲ့ရဲ့

အဲဒီကြိုးစားမှုပြည့်ပေးအတွက်

ကျော်ဖိုးကျိုးပြောင်းလဲရှက်ဘူး ကြွင်နေခဲ့ပါတယ်

နှိုးဝင်းဝဲ့လာတဲ့သိမ်းပေးနဲ့ပါ၊

တစ်ပုံတစ်ရာ မပေးနိုင်ရင်တောင်

မရှိသတဲ့အတွက်

အပျင်းပြေဖတ်ပါခဲ့တယ်ဆိုရင်ပဲ

ကျေးဇူးတင်လှပါပြီ ခင်ဗျာ။

မိုးဆက်လင်းထက်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတဲ့အရာနဲ့ပတ်သက်လာရင်
ရယူပိုင်ဆိုင်ဖို့အတွက်လူသားတိုင်းဟာ
တရားမျှတသည်ဖြစ်စေ၊ မမျှတသည်ဖြစ်စေ
ကြိုးစားပိုင်ခွင့်ရှိပါတယ်...၊
ဒါကြောင့်...
'အချစ်နဲ့စစ်မှာ အကုန်တရားတယ်'
ဆိုတဲ့စကားပုံလေး ဖြစ်ပေါ်လာရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလို ပုံမှန်ကြာသပတေးနေ့ပဲဖြစ်ပါသည်။ ရန်ကုန် ပြည်လမ်းမှာ နေ့လယ်ဘက်ဆိုတော့ ကားအတော်အတန်ရှင်းကာ နေ၏။

အင်းယားလမ်းမီးပွိုင့်က ကွေ့ထွက်လာသော မာစီဒီးအဖြူ ရောင်ကားလေးသည် လှည်းတန်းလမ်းဆုံဘက်သို့ ကွေ့ထွက်လိုက် ၏။ ကားမောင်းသူနေရာမှာ အသားဖြူဖြူကောင်မလေးတစ်ယောက် က နေရာယူထားသည်။

သူမနာမည်က

"ရွှေအင်ကြင်းဝေ"

သူမသည် ရွှေအင်ကြင်းကုမ္ပဏီလီမိတက်၏ မန်နေဂျင်း ဒါရိုက်တာ။ ထိုကုမ္ပဏီကို သူမမိဘတွေပိုင်ဆိုင်၍ သူမက မန်နေဂျင်း ဒါရိုက်တာဖြစ်နေခြင်းပင်။

သို့သော် သူများတွေလို အဖေ၊ အမေတွေက ကုမ္ပဏီပိုင်၍ သားသမီးတွေက အလိုလိုမန်နေဂျင်းဒါရိုက်တာ (MD) နေရာကိုရရှိ ထားသူမဟုတ်။ သူမကိုယ်တိုင်ကိုယ်က လုပ်ငန်းကျွမ်းကျင်မှုရှိ၏။





တစ်ဦးတည်းသောသမီးဖြစ်သောကြောင့် နောင်တစ်ချိန် 'ရွှေအင်ကြင်း' ကုမ္ပဏီ၏ပိုင်ရှင်နေရာကို သူမကဦးစီးရမှာဖြစ်၍ လုပ်ငန်းနှင့်ပတ်သက်လျှင် သူမကကျွမ်းကျင်အောင်လေ့လာထားသည်။

သူမသည် ချောမောလှပသည်။

မာနကြီးသည်။

တော်ရုံတန်ရုံယောကျ်ားတွေကို အထင်မကြီးတတ်။

ထိုဝိသေသတွေနဲ့ပြည့်စုံသလို ငွေကြေးလည်းပြည့်စုံ၏။ သို့သော် လောကတွင် အရာရာပြည့်စုံသောလူဟူ၍ မရှိသောကြောင့် သူမတွင်လည်း အားနည်းချက်လေးတစ်ခုရှိ၏။

ထိုအားနည်းချက်မှာ . . .

"သတိမေ့တတ်ခြင်းပင်"

ဟုတ်ပါသည်။

သူမက သတိမေ့တတ်၏။

သို့သော် ထိုအားနည်းချက်က သူမကိုလွှမ်းမိုးနိုင်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် . . .။ သူမက နေ့စဉ်လုပ်ဆောင်ရမည့်ကိစ္စ အဝဝကို ဒိုင်ယာရီတစ်အုပ်ဖြင့် မှတ်သားထားသောကြောင့်ပင်ဖြစ် သည်။

အခုလည်း သူမအိမ်ကနေ ကုမ္ပဏီရုံးခန်းသို့ ကိုယ်တိုင်ကား မောင်း၍ထွက်လာခဲ့ခြင်းပင်။

ဒီနေ့နေ့လယ် တစ်နာရီမှာ စင်္ကာပူက မစ္စတာဝမ်ဆိုသူနှင့် အလုပ်ကိစ္စချိန်းထားသည်။ ထို့ကြောင့် အိမ်က ဆယ့်နှစ်နာရီကတည်း က ထွက်လာခဲ့၏။

ရုံးခန်းတည်ရှိရာ ကွန်ဒိုအိမ်ယာသို့ ကားဆိုက်ရောက်ချိန်မှာ နေ့လယ် (၁၂း၀၀) ခွဲတိတိ။

သူမကားပေါ်က လှပစွာဆင်းလိုက်သည်။ ကားပါကင်မှ



www.burmeseclassic.com

www.burmeseclassic.com



ပုရိသတော်တော်များများ သူမကိုငေးမောသွားတာသူမသိသည်။ ဒီအချက်ကလည်း သူမအလှကို သူမယုံကြည်နေ၍ဖြစ်၏။

ထို့နောက် အကြည့်တွေအားလုံးကို အလှအပနဲ့ခုခံကျောခိုင်းကာ ခတ်လှေကားရှိရာသို့ ထွက်လာခဲ့လိုက်ပါတော့သည်။

သူမခေါင်းထဲတွင် အလုပ်ကိစ္စတစ်ခုပဲရှိပါတော့သည်။





## ဒိုင်ယာရီ (၁)

နေ့လယ် (၁း၀၀)နာရီ

မစ္စတာဝမ်နှင့် သွင်းကုန်ကိစ္စဆွေးနွေးရန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီဆွေးနွေးခန်း၏ အေးစက်သောသိပ္ပံနည်းကျ ရာသီဥတု၊ မွှေးမြလန်းဆန်းစေသော နိုင်ငံခြားဖြစ်ရနံ့နှင့်၊ ခံ့ညားထည်ဝါလှသော အသုံးအဆောင်အဆင်အပြင်တို့က ခါတိုင်းကဲ့သို့ သူမကို ဆီးကြိုလျက်ရှိသည်။

သူမဝင်သွားတယ်ဆိုရင်ပဲ အသက်ငါးဆယ်ခန့် နိုင်ငံခြားသားတစ်ယောက်နှင့် ခံ့ညားထည်ဝါသောအလှတို့ကို ပိုင်ဆိုင်ထားသည့် အမျိုးသမီးနှစ်ဦးက အသင့်စောင့်ကြိုလျက်ရှိသည်။

"ကျွန်မ နောက်မကျပါဘူးနော်"

သူမက အင်္ဂလိပ်လို ဖော်ရွေပျူငှာစွာစကားကို စ-၏။

အသက်နှစ်ဆယ့်ငါးနှစ်ခန့်အမျိုးသမီးက မတ်တပ်ရပ်ကာ

"နောက်မကျပါဘူး မစ္စအင်ကြင်း. . . ကျွန်မတို့က စောနေတာပါ"

ထို့နောက် ထိုအမျိုးသမီးကပင်စ၍ မိတ်ဆက်ပေးသည်။

"ဒါ မစ္စတာဝမ်ပါ. . ဒီဘက်ကတော့ မစ္စတာဝမ်ရဲ့ ကုမ္ပဏီမှာ ရှယ်ယာလေးဆယ်ရာခိုင်နှုန်းထည့်ဝင်ထားတဲ့ မစ္စတိုင်လာပါ"





သူမနှစ်ဦးလုံးကို ဖော်ရွေပျူငှာစွာနှုတ်ဆက်ပြီးနောက် လုပ်ငန်းစကားဆက်ပြောကြ၏။

သွင်းကုန်ကိစ္စ၊ ထုတ်ကုန်ကိစ္စနှင့်အတူ မြန်မာနိုင်ငံ၏ ကြွယ်ဝချမ်းသာသော သယံဇာတများအကြောင်းလည်းပါသည်။ နာမည်ကြီး စေတီပုထိုးများနှင့် ရှေးဟောင်းမြို့တော်များအကြောင်းကိုလည်း ပြောဖြစ်ကြ၏။ ငါးဆီဖောင်းတင်ပို့မှု၊ ပုစွန်မွေးမြူရေး၊ ဂဏန်းပျော့၊ မတ်ပဲစသည်တို့ကိုလည်း အဓိကထားဆွေးနွေးသည်။

အားလုံး အကြေအလည်ဆွေးနွေးပြီးနောက် နှစ်နာရီကျော်အကြာ ဧည့်သည်တွေ ထပြန်သွားကြတော့သည်။ သဘောတူညီမှု တချို့တစ်ဝက်ရသွားသည်။ လုပ်ငန်းစဖို့အချိန်ကို သူတို့ဘက်က လှမ်းဆက်သွယ်ဖို့ ပြောသွား၏။

အခန်းထဲလူရှင်းသွားသောအချိန်တွင် သူမထံ ကောင်မလေး တစ်ယောက်ရောက်လာကာ . . .

"မမ . . . သံပုရာရည်လေးသောက်လိုက်ပါဦး"

သူမမျက်လုံးဖွင့်ကာကြည့်လိုက်တော့ ကွန်ပျူတာစာရင်းအင်းဌာနက မေစိုးဖြစ်နေတာတွေ့ရ၏။ သူမပြုံးပြကာ မေစိုးကမ်းပေးသော သံပုရာရည်ကိုသောက်လိုက်ပြီး . . .

"အေးမွန်ရှိလား ညီမ"

"ဟုတ်ကဲ့ . . . ရှိတယ် မမ. . . ခေါ်လိုက်ရမလား"

"အေး . . . ခဏခေါ်လိုက်ပါ"

မေစိုး ဦးညွတ်ကာ ထွက်သွားသည်။

ခဏကြာတော့ အေးမွန်ဆိုသောကောင်မလေးတစ်ယောက် ရောက်ကာလာ၏။

"မမ . . . . ကျွန်မကိုခေါ်တယ်ဆို"

"အေး . . . ဟုတ်တယ်. . . ဒါနဲ့ မင်းဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်လက လိုင္ငေပြစာရင်းတွေ ပြန်စစ်နေတာ မမ. . . ရပါတယ်. . . ပြီးသလောက်ဖြစ်နေပါပြီ. . . မမ ဘာခိုင်းစရာရှိလို့ လဲ"

"အဲဒါဆို လုပ်လက်စခဏထားပြီး တို့နောက်လိုက်ခဲ့စမ်းပါ . . . တို့ ကားမမောင်းချင်တော့လို့. . . ခေါင်းတွေကိုက်နေပြီ"

အေးမွန်က ခေါင်းညိတ်ပြသည်။ ထိုတာဝန်ကို သူအချိန် အခါတိုင်းမဟုတ်ပေမယ့် ရံဖန်ရံခါလုပ်ပေးနေကျဖြစ်၍ ရိုးနေပြီ။ ဒီလိုပဲ ရွှေအင်ကြင်းဝေက ကားမောင်းရန်စိတ်ဆန္ဒမရှိတဲ့အချိန် သူ့ကိုတာဝန်ပေးတတ်သည်။

ထို့နောက် သူတို့ကုမ္ပဏီမှ ထွက်ခွာလာခဲ့ပါတော့သည်။



**နေ့လယ် ...၁း၀၀၊**

**ဒါရိုက်တာ သာထူးနှင့်တွေ့ရန် ...။**

www.burmeseclassic.com

www.burmeseclassic.com



"မမ . . . ကျွန်မ ဘယ်ကိုမောင်းရမှာလဲ"

အေးမွန်က ကားစက်ကိုနှိုးကာ အဲယားကွန်းကိုပါ တစ်ပြိုင်နက်တည်းဖွင့်ရင်း စကားဆို၏။

"အင်း . . မင်း . . . ဒါရိုက်တာသာထူးအိမ်ကို သိလား"

"အဲ . . . ဟို . . . ကြည့်မြင်တိုင်ညဈေး အနောက်ဘက်က လမ်းမှာနေတဲ့ ကိုသာထူးလား"

"ဟာ . . . ဒီကောင်မလေးတော့ လုပ်ချလိုက်ပြန်ပြီ . . . အဲဒါ ငါတို့ကုမ္ပဏီမှာ လက်ထောက်ချ ဝင်ဖောက်ခိုင်းလို့ ငါကိုယ်တိုင် အလုပ်ထုတ်လိုက်တဲ့ ဒလဝမ်သာထူးဟဲ့ . . . ဒါက နိုင်ငံကျော် ဒါရိုက်တာကြီး သာထူး"

"သိဘူးလေ . . . ကျွန်မက နားကြားလွဲသွားလို့"

"ထားပါတော့ . . . အခု ငါပြောတဲ့ဟိုတယ်ကိုမောင်း"

"ဘယ်ဟိုတယ်လဲဟင်"

"နတ်ပြည်တောင်ကုန်း (Heven Hill) ဟိုတယ်ကို"

"ဟုတ်ကဲ့"







ထို့နောက် အေးမွန်က ကားမောင်းထွက်လိုက်သည်။ မောင်းနေရင်းနှင့်ပျင်းလာ၍ ကက်ဆက်ဖွင့်မလို့ကြံစည်လိုက်သော်လည်း ရွှေအင်းကြင်းဝေက ကားမောင်းရင်းကက်ဆက်နားမထောင်တတ်တာသိ၍ ရည်ရွယ်ချက်ကိုမျိုသိပ်လိုက်ရ၏။

သို့သော် လူနှစ်ယောက်ရှိနေသော ကားထဲမှာ ခြောက်သွေ့တိတ်ဆိတ်နေတာတော့ သဘာဝမကျပေ။ အနည်းဆုံး မိန်းကလေး အသုံးအဆောင်ပစ္စည်းတစ်ခုခုအကြောင်း၊ အလှကုန်ပစ္စည်းတစ်ခုခု အကြောင်း၊ နောက်ဆုံးထုတ်လိုက်သော အီတလီဖြစ်အတွင်းခံတံဆိပ်၏အခြေအနေ စသည်တို့ကိုတော့ အပျင်းပြေဆွေးနွေးနေဖို့ သင့်သည်။ အခုတော့ ရွှေအင်းကြင်းဝေက သူမနှင့်ထိုအရာတွေ မဆိုင်သလိုနေတတ်လွန်း၏။ ဒီအချိန် သူမခေါင်းထဲမှာ အလုပ်ကိစ္စပဲ တွေးနေမှာ သေချာသည်။

"မမ"

နောက်ဆုံးမနေနိုင်၍ အေးမွန်က အရဲစွန့်ကာခေါ်ကြည့်သည်။ ရွှေအင်းကြင်းဝေက ပါးစပ်ကပြန်မထူးဘဲ မျက်လုံးဖွင့်ကာ ကြည့်၏။ အေးမွန်က ကားနောက်ကြည့်မှန်မှ သူမမျက်လုံးဖွင့်ကြည့်တာကိုမြင်တော့ အားတက်သွားကာ . . . .

"ဟို . . ဒါ . . ဒါရိုက်တာကြီးက ဟိုတယ်မှာနေတာလား ဟင်"

"ငါ ဘယ်သိမလဲ . . . ဒီနေ့ ဒီအချိန် အဲဒီမှာတွေ့ဖို့ချိန်းထားလို့ သွားတာ"

"ဪ. . . အလုပ်ကိစ္စလား"

"ဟဲ့ . . . အလုပ်ကိစ္စမဟုတ်ဘဲ ငါက အဲဒီဒါရိုက်တာနဲ့ ဟိုတယ်မှာ ဘာသွားလုပ်ရမှာလဲ"

"သိဘူးလေ. . . ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်ကြင်းဝေ စိတ်တိုသွားတာကိုကြည့်ကာ အေးမွန်ပျော်သွားသည်။ သူတို့မမက စိတ်ဆိုးလည်း ချစ်ဖို့ကောင်းမှန်းသိ၏။ ပြီးတော့ လက်အောက်ငယ်သားများအပေါ် အလုပ်ကိစ္စမှလွဲ၍ ကျန်သည့်အချိန် မောင်နှမလိုဆက်ဆံတတ်တာလည်း သိသည်။

အထူးသဖြင့် မိန်းကလေးတွေအပေါ် တော်ရုံ စ,နောက်တာကို ခွင့်လွှတ်တတ်သည်။ တစ်ခါတလေ သူကတောင် အတည်ပေါက်နှင့် ပြန်နောက်ချင်နောက်တတ်သေး၏။

"မမ"

"လာပြန်ပြီ . . . ဘာလဲ"

"ဟို . . . ဒါရိုက်တာကြီးက ချောလား"

"ဟိုရောက်မှ နင့်ဟာနင်ကြည့်"

"ဟာ . . . မမက မမြင်ဖူးဘူးလား"

"No"

အေးမွန် လျှာလေးတစ်လစ်ထုတ်ကာ ပါးစပ်ပိတ်သွား၏။ ထိုအချိန်မှာပင် ဟိုတယ်မုခ်ဦးသို့ ကားကရောက်သွားပြီ။

ရွှေအင်ကြင်းဝေ ဟမ်းဖုန်းကိုထုတ်ကာ ဒါရိုက်တာသာထူး၏ ဖုန်းနံပါတ်ကိုနှိပ်လိုက်၏။ ခဏနေတော့ ဟိုဘက်ကဖုန်းကိုင်လိုက်၍ . . .

"ဟယ်လို . . . . ကိုသာထူးလား"

"မဟုတ်ပါဘူးခင်ဗျ. . . ကျွန်တော် ကိုသာထူးရဲ့မန်နေဂျာ ရဲဝင့်ပါ. . . ဆရာက မင်းသမီးလေးကိုသင်ပေးနေလို့ပါ. . . ဘာများပြောချင်ပါလဲခင်ဗျာ"

"အေး အေး. . . ရွှေအင်ကြင်းဝေ အခုရောက်လာပြီလို့ ပြောပေးနော်"

"ဗျာ"





"ရွှေအင်ကြင်းဝေ အခုရောက်လာပြီလို့"

"ဘယ်ကိုရောက်လာတာလဲ"

"ဟဲ့ . . . ဟိုတယ်ကိုပေါ့. . . ရှင့်ဆရာနဲ့ချိန်းထားလို့"

ဟိုဘက်က ပြုံးတုံးပြာတာအသံ ချက်ချင်းပြောင်းသွားကာ

"ဟာ. . . အစ်မ ဒီမှာဆရာကတော်ရောက်နေတယ်. . . ဆရာ့ကို ချက်ကင်လာလုပ်တာထင်တယ် . . . ဟိုဟာဖြစ်ရင် ပြန်တော့နော်. . . ပြဿနာတွေတက်မှာစိုးလို့"

"ဘာရှင့်"

"ဒုက္ခပါပဲ . . . ပြောမရဘူးလား"

"ဒီမှာ"

"ဗျာ"

"ကျွန်မက ရှင်တို့အရှုပ်ထုတ်တွေထဲကများ မှတ်နေလား . . . ရွှေအင်ကြင်းကုမ္ပဏီရဲ့ (MD) ရွှေအင်ကြင်းဝေ. . . မှတ်ထား . . . အခုသွားပြော"

ထိုသို့ပြောလိုက်မှ ဟိုဘက်က ကြောက်အားလန့်အားနှင့် ဖုန်းချသွား၏။

သူမ လေပူတစ်ချက်ကိုမှုတ်ထုတ်မိသည်။ တစ်ခါတစ်ခါ နားလည်ရခက်သောပြဿနာများက စိတ်ဆိုးရခက်၊ စိတ်ညစ်ရခက်။

လောကကြီးသည် ဒီလိုပဲမအပ်စပ်သောအရာများသည် တွေ့ဆုံလေ့ရှိတတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါက်က ခေတ်ဟောင်းရုပ်ရှင်ခေတ်က နာမည်ကြီး အကယ်ဒမီကလေးသရုပ်ဆောင် အောင်ထွန်းလေးနှင့်ခပ်ဆင်ဆင်တူသည်။ ခန္ဓာကိုယ်က ဂျပန်မှာ မျိုးဆက်သစ်ဆူမိုနပန်းသမားလေးများ ပြုစုပျိုးထောင်မှုသင်တန်းကို သွားတက်လို့ရသည်။ သူ့နောက်မှာ မျက်နှာကချွေးတွေကို လက်ခုံနှင့်သုတ်ကာ ပါလာသူကလည်း သူနှင့် ခန္ဓာကိုယ်ဆိုဒ်တူ ဂိုက်တူ။

ဘယ်သူက ဆရာ၊ ဘယ်သူက တပည့်လဲတော့မသိပေ။

ô်အောင်ထွန်းလေးမျက်နှာနှင့် လူက သူမရှေ့မှာ အရင်ထိုင်ကာ . . .

“ကျွန်တော်သာထူးပါ”

“ဟုတ်ကဲ့. . . ရွှေအင်ကြင်းဝေပါ”

“ဆောရီးဗျာ. . . ဒီနေ့ ဒီဟိုတယ်မှာ ရှူတင်တည်ထားလို့ ဒီကိုပဲချိန်းလိုက်ရတာပါ. . . ဩော် ရဲဝင့်. . . ဧည့်သည်တွေအတွက် အအေးလုပ်ကွာ”

“ရတယ်. . ရတယ်. . . နေပါစေ ကျွန်မတို့အလုပ်စကားပဲ ပြောကြရအောင်”





ဒါရိုက်တာကြီးက ခေါင်းညိတ်ပြသည်။ သူမကစ၍

“ကျွန်မ ဒါရိုက်တာကြီးဆီကို. . . ”

“ကိုသာထူးလို့ပဲခေါ်ပါ. . . ရင်းနှီးမှုနဲ့ပေါ့”

သူမတစ်ချက်ပြုံးလိုက်မိသည်။ ဒါရိုက်တာပီပီ မခေပါလား ဟုလည်းတွေးလိုက်မိသည်။

“ဟုတ်ကဲ့. . . ကျွန်မ ကိုသာထူးဆီကို ဖုန်းနဲ့စပြီးပြောတုန်းက ပြောထားတာမှတ်မိမှာပေါ့”

“ကြော်ငြာကိစ္စထင်တယ်”

“ဟုတ်ပါတယ်”

“အဲဒီလောက်အကြမ်းဖျင်းတော့ သိတယ်. . . ဒါနဲ့ ဘာကုန်ထွေည်းများလဲ”

“ရေသန့်ဘူးပါ”

“ရပါတယ် . . . ဒါနဲ့ ရည်ရွယ်ထားတဲ့မင်းသား၊ မင်းသမီး ဆောရှိလား”

“အဲဒါကိုတော့ ကိုသာထူးနဲ့တွေ့မှပဲ တိုင်ပင်ပြီးရွေးမယ်လို့ ကျွန်မဆုံးဖြတ်ထားပါတယ်”

“ဒါနဲ့ ရေသန့်ဘူးတံဆိပ်ကရော”

“ကျွန်မတို့ကုမ္ပဏီတံဆိပ်ပါပဲ”

ကိုသာထူးက ခေါင်းကိုတညိတ်ညိတ်လုပ်ကာ စဉ်းစား၏။ အတန်ကြာမှ . . .

“အင်း . . . ကျွန်တော်တော့ ကြော်ငြာမယ့်ဇာတ်လမ်းလေးကို ဒီလိုစဉ်းစားထားတယ်ဗျာ”

“ပြောပါ”

ကိုသာထူးက ကြော်ငြာဇာတ်လမ်း အကြမ်းဖျင်းကို ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဇာတ်လမ်းတွင် မင်းသားလုပ်သူက မင်းသမီးလေးနှင့်တွဲကာ ဆိုင်လေးတစ်ဆိုင်မှအထွက် ပလက်ဖောင်းပေါ်မှအဆင်း ငှက်ပျော့ခွံတက်နင်း၍ ပလက်ဖောင်းဖောင်းနှင့် နောက်စေ့ရိုက်ကာ သေအံ့မူးမူးဖြစ်နေရမည်။

ထိုသေအံ့မူးမူးဖြစ်နေသောမင်းသားကို မင်းသမီးလေးက ဖက်ကာငိုပြီး ပတ်ဝန်းကျင်အား အကူအညီတောင်း၏။ ထိုစဉ် ရွှေအင်ကြင်းတံဆိပ်ခတ်နှိပ်ထားသော ရေသန့်ဘူး ကိုင်ထားသည့် လူတစ်ယောက်က အနားရောက်လာသည်။

ထိုလူ၏လက်မှာကိုင်ထားသော ရေသန့်ဘူးကိုမြင်၍ မင်းသားက ငေါက်ခနဲထထိုင်ကာ လုယူ၍ အငမ်းမရသောက်လိုက်လေသည်။ ထိုအချိန်တွင် ထုံးစံအတိုင်း သီချင်းလေးတွေနှင့် မင်းသမီး၊ မင်းသားပျော်ကာ ရေသန့်ဘူးလေးတွေကိုယ်စီလှုပ်ပြရင်း ကြော်ငြာကို အဆုံးသတ်လိုက်မည်။

ထိုဇာတ်လမ်းကို တစ်ခါတည်းနှင့် ရွှေအင်ကြင်းဝေက သဘောတူလိုက်သည်။

ထို့ကြောင့် မင်းသား၊ မင်းသမီးငှားဖို့ ဆက်ရွေးကြသည်။ နောက်ဆုံး မင်းသားနေရာကိုတော့ မသေခင်ကတည်းက မသာရုပ်ပေါက်နေ၍ သရဲကားများသာ အရိုက်များသောမင်းသား "သူရိန်"ကို ရွေးလိုက်၏။ မင်းသမီးကိုတော့ ယနေ့ကြော်ငြာလောက၏ ထိတ်ထိတ်ကြ . . . "ခင်သာကောင်း"။





ညနေ ...၅း၀၀ ...

သူငယ်ချင်းပြည့်ပြည့်မွေးနေ့ကို

'ရွှေဂျမ်း' ဟိုတယ်တွင် ကျင်းပ၍

သွားရောက်ရန် ...။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သည်နှင့် အချိန်သိပ်မရတော့၍ နားတောင်မနားတော့ဘဲ ရေကိုတန်းချိုးလိုက်သည်။ ထို့နောက် မွေးနေ့ပွဲကို ဘာဝတ် သွားမလဲဆိုသည်ကို ရေချိုးရင်းနှင့် တစ်ခါတည်း တွေးလိုက်၏။

ဒီနေ့ မွေးနေ့ပွဲက လူစုံမည်။ ထိတ်ထိတ်ကြမင်းသား၊ မင်းသမီးတွေလည်း တက်ရောက်မည်။ ပြည့်ပြည့်တို့အဖေက အောင်မြင်ကြီးပွားသော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်။ ပြီးတော့ အပေါင်းအသင်းလည်းဝင်ဆန့်သူဖြစ်၍ သူ့သမီးဖြစ်သောပြည့်ပြည့် မွေးနေ့တွင် အောင်မြင်ကျော်ကြားသောလူတွေ တက်ရောက်တာမဆန်းပေ။

ထို့ကြောင့် ပွဲနေပွဲထိုင်တစ်ခုကိုသွားသလို အဝတ်အစားက အစ ဂရုစိုက်ရမည်။ ပြီးတော့ သူမကလည်း ထင်ပေါ်ကျော်ကြားသောသူ တစ်ယောက်ဖြစ်သည်။ သူမ၏အလှ၊ သူမ၏ကြွယ်ဝချမ်းသာမှု အရာအားလုံး လှပထင်ရှား၏။

ရေချိုးပြီးတော့ အဝတ်ဗီရိုကိုဖွင့်လိုက်သည်။ ရေချိုးနေတုန်း





ရွေးစားထားသောအဝတ်အစားတစ်စုံကို ထုတ်လိုက်၏။ ဂါဝန်နှင့်အကျီတစ်ဆက်တည်းချုပ်ထားသော အနက်ရောင်ဝတ်စုံတစ်ခုပါလာ၏။ အီတလီက နာမည်ကြီးဒီဇိုင်နာတစ်ယောက်၏လက်ရာကာ သူမကိုယ်ပေါ်မှာ ကြွရွလှပကာသွားသည်။

ထို့နောက် ကားသော့ကိုယူကာ သူမမိခင်အခန်းတံခါးကိုဖွင့်၍ . . .

"မာမီ . . . သမီးသွားတော့မယ်"

ဒေါ်အင်ကြင်းမြင့်က ပုတီးစိပ်နေရင်းမှ လှည့်ကြည့်ကာ ခေါင်းကိုညိတ်ပြသည်။

သူမကားကို အသာအယာမောင်း၍ထွက်လာခဲ့လိုက်တော့သည်။ ဦးတည်ရာက "ရွှေဂျူပိုး" ဟိုတယ်သို့ . . .။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေဂျပိုး"ဟိုတယ်၏ ရေကူးကန်နံဘေးတွင် ရောင်စုံမီးများ ထွန်းလင်းတောက်ပကာ လှပနေသည်။ သူမရောက်သွားတော့ ငါး နာရီခွဲကျော်နေ၍ လူလည်းတော်တော်စုံနေပြီ။

ထို့နောက် ရေကူးကန်ဘေးက လမ်းလေးမှဆင်းကာ လမ်း လျှောက်လာလိုက်၏။ ခပ်လှမ်းလှမ်းကဝိုင်းတွင် ဧည့်ခံနေသော ပြည့်ပြည့်က သူမကိုမြင်သွားကာ အားရဝမ်းသာလှမ်းလာ၍ . . .

"ဟယ် . . . ငကြွင်းလေး . . . ယူနောက်ကျတယ်နော်"

"ဆောရီး ပြည့်ရယ် . . . ငါ နည်းနည်းအလုပ်ရှုပ်သွား လို့ပါ"

"နင်က ဘယ်တုန်းကများ အလုပ်မရှုပ်တဲ့နေ့ရှိလို့လဲ"

သူမရယ်လိုက်ကာ ပြည့်ပြည့်ခေါ်ဆောင်ရာနောက် လိုက် သွားလိုက်သည်။ ထို့နောက် ဝိုင်းတစ်ခုမှာထိုင်နိုင်း၏။ ထိုဝိုင်းက လည်း သူမတို့ကျောင်းတုန်းက သူငယ်ချင်းတွေထိုင်နေသောဝိုင်း ဖြစ်၍ အားလုံးနဲ့ခင်မင်နေသည်။

"ဟယ် . . . ငကြွင်းရယ် . . . လှလိုက်တာ"





"နင်က နေနိုင်တယ်နော် . . . ကျောင်းပြီးကတည်းက ငါတို့ နဲ့ ဆုံတောင်မဆုံဖြစ်ဘူး"

"အေးလေ . . . ဒါတောင် ပြည့်မွေးနေ့ရှိနေလို့ ဆုံဖြစ်တာ . . . မရှိရင် ဆုံဖြစ်မှာတောင်မဟုတ်ဘူး . . . ဒါနဲ့ နင်နဲ့ဒယ်နီရယ်နဲ့ ဝဲရစ်မှာဆုံသေးတယ်ဆို"

အားလုံးကို အကျိုးအကြောင်းရှင်းပြကာ ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် မတွေ့ရတာကြာပြီဖြစ်သော သူငယ် ချင်းများနှင့် ရှေးဟောင်းနှောင်းဖြစ်တွေပြောဖြစ်ကြ၏။ အားလုံးက တက္ကသိုလ်တုန်းက အတူတွဲလာသောလူတွေဖြစ်၍ ပြောစရာတွေက မကုန်နိုင်။

တဖြည်းဖြည်း စကားတွေကအရှိန်ရလာ၍ တစ်ယောက်နှင့် တစ်ယောက်တောင် လုပြောလာကြသည်။

ထိုအချိန်မှာပဲ မွေးနေ့ရှင်ပြည့်ပြည့်၏ မွေးနေ့ကိတ်ကိုလှီး ရန် အားလုံးကြွရောက်ကြဖို့ အစီအစဉ်ကြေငြာသံကြားမှ စကားစ တွေကိုဖြတ်ကာ ကိတ်မုန့်ထားသောစင်ဘေးသို့ သွားလိုက်ကြတော့၏။

အားလုံးရောက်တော့ မွေးနေ့ဆုတောင်းသီချင်းကို သံပြိုင် ဆိုပေးကြကာ လက်ခုပ်တွေတီး၍ မွေးနေ့ကိတ်ကြီးကို အောင်မြင် စွာလှီးလိုက်ပါတော့သည်။

"ဟေး . . . Happy Birthday ပြည့်ပြည့်"

ထို့နောက် သူတို့ကို ပြည့်ပြည့်က ကိတ်မုန့်တစ်ဇွန်းစီ လိုက် ကျွေးသည်။ ပြီးတော့ ပန်းကန်တွေထဲကို ကိတ်မုန့်တစ်တုံးစီလှီးထည့် ၍ ဝိုင်းတွေကိုလိုက်ချပေးလိုက်သည်။

အချိန်သည် တဖြည်းဖြည်းကြာလာသည်နှင့်အမျှ မွေးနေ့ပွဲ ကလည်း အရှိန်ကောင်းလာသည်။ ယမကာကြိုက်တတ်သူများ အတွက် ဘားလေးတစ်ခုလုပ်ပေးထား၍ တက်ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ယမကာသမားများလည်း အာသွက်လာ၍ စကားပြောများလာကြသည်။

သူမတို့အဖွဲ့ကတော့ စပိုင်ကိုသာသောက်၏။

ရှစ်နာရီလောက်ကျတော့ တက်ရောက်လာသူတွေထဲက အကဝိါသနာရှင်များအားလုံး ပါတီခန်းမထဲသို့ကြွရောက်ကြပါရန် အစီအစဉ်ကိုကြေငြာသည်။ ခဏကြာတော့ ပြည့်ပြည့်က သူတို့ဝိုင်းရောက်လာကာ . . .

"ကဲ . . . အားလုံးရယ်ဒီမဟုတ်လား . . . သွားမယ်လေ"

ဘယ်သူမှမငြင်းကြပေ။ အားလုံးထ၍ ပါတီခန်းမသို့ထွက်လာကြတော့၏။ ရေကူးကန်ဘေးကခုံများမှာ ကျန်ခဲ့တာဆိုလို့ လူကြီးများသာရှိတော့၏။ လူငယ်တွေကတော့ ပါတီခန်းမမှာ . . .

ခန်းမထဲရောက်တော့ ဒီဂျေစင်မှဖွင့်ထားသော အနောက်တိုင်းသံစဉ်များနှင့်လိုက်ဖက်ညီစွာ ကကြရင်း၊ သောက်ကြရင်း၊ တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြရင်းနှင့် အချိန်က တော်တော်ညဉ့်နက်မှအိမ်ပြန်ဖြစ်တော့သည်။

ထိုနေ့ညက ဘယ်သူတွေဘယ်လိုလာမိတ်ဆက်၍ ဘယ်သူတွေနှင့် စကားပြောခဲ့လဲဆိုတာကိုတော့ အားလုံးမမှတ်မိတော့ပေ။

အိမ်ပြန်ရောက်တော့ ပင်ပန်းသွား၍ အဝတ်လဲပြီး အိပ်ရာပေါ် လှဲလိုက်တာနှင့် အိပ်ပျော်သွားပါတော့သည်။



မနက်ဆို ခြောက်နာရီပုံမှန်နိုးနေကျဖြစ်၍ နှိုးစက်မပေးရပါဘဲ သူမနိုးလာခဲ့သည်။ မျက်နှာသစ်သွားတိုက်ပြီး ဘုရားခန်းသို့ထွက်လာခဲ့လိုက်၏။ အထဲရောက်တော့ သူမအမေက ဘုရားစင်ရှေ့မှာ သောက်တော်ရေလဲနေသည်ကို တွေ့ရသည်။

"မာမီ . . . သစ်သီးကပ်ဖို့ဝယ်ထားသေးလား"

ဒေါ်အင်ကြင်းမြင့်က လှည့်မကြည့်ဘဲနှင့် . . .

"ရေခဲသေတ္တာထဲမှာရှိတယ် . . . ပန်းသီးသုံးလုံးနဲ့ လိမ္မော်သီးသုံးလုံးယူလာခဲ့"

"ဟုတ်"

သူမခေါင်းညိတ်ပြ၍ လှည့်အထွက်တွင်

"ဒယ်ဒီ . . . ဂေါက်ရိုက်သွားခါနီးစားသွားဖို့ ပေါင်မုန့်လေးလည်း ကင်ထားခဲ့ဦး . . . မာမီ သောက်တော်ရေလဲပြီးရင် ဆက်လုပ်လိုက်မယ်"

သူမ မီးဖိုချောင်ထဲဝင်ခဲ့၏။ အရင်ဆုံး ရေခဲသေတ္တာကိုဖွင့်ကာ ပန်းသီးသုံးလုံးနှင့် လိမ္မော်သီးသုံးလုံးကိုယူ၍ ရေခွက်တစ်ခုထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ကာ ရေအရင်ဆေးသည်။ ပြီးတော့ ပန်းကန်ပြားတစ်ခုထဲကို ထည့်ထား၍ ပေါင်မုန့်ကို မုန့်ဖုတ်စက်ထဲထည့်ခဲ့ပြီး ဘုရားခန်းသို့ပြန်ထွက်ခဲ့ပါတော့သည်။

ဘုရားခန်းရောက်တော့ ဒေါ်အင်ကြင်းမြင့်က . . .

"သမီးဆက်လုပ်လိုက်တော့ . . . မာမီ မီးဖိုချောင်ထဲဝင်လိုက်ဦးမယ်"

သူမသစ်သီးပန်းကန်ကို ဘုရားစင်ပေါ်တင်၍ လက်အုပ်ချီကာ ကပ်၏။ ပြီးနောက် ဘုရားရှိခိုးခြင်း၊ ဘုရားစင်သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်၍ သူမအခန်းထဲသို့ပြန်ဝင်လာခဲ့၏။

ထို့နောက် ရေချိုးအဝတ်အစားလဲ၍ ကုမ္ပဏီသို့သွားရန် ပြင်ဆင်တော့သည်။ ဒီနေ့ချိန်းထားသည့်ကိစ္စတွေအတွက် ဘယ်အရာကို ဘယ်အချိန်တွေမှာ ပြုလုပ်မည်ဆိုသည့် အချိန်ဇယားသိရှိရန် ပိုက်ဆံအိတ်ထဲမှ ဒိုင်ယာရီစာအုပ်လေးကို ထုတ်ကြည့်မလို့ဖွင့်လိုက်စဉ် . .

"ဟင်"

သူမ ရုတ်တရက် အံ့သြသွားသည်။

ဒိုင်ယာရီစာအုပ်က ပိုက်ဆံအိတ်ထဲမှာမရှိတော့။ ရုတ်တရက် ခေါင်းပူကာသွား၏။ ဘယ်နားထားမိလဲ စဉ်းစားကြည့်သည်။ မနေ့က ရုံးကအပြန် ပိုက်ဆံအိတ်ထဲထည့်လိုက်မိသည် ထင်သည်။ အမြဲတမ်း လုပ်နေကျကိစ္စဖြစ်၍ ရုံးမှာမေ့ကျန်ခဲ့မည်တော့ မထင်။

သို့သော် လူဆိုတာ အမြဲတမ်းသတိကောင်းနေချင်မှ ကောင်းနေနိုင်မည်ဖြစ်သည်။ သူဆို ပိုဆိုးသည်။ အလုပ်တွေကများ၍ ခဏ ခဏမေ့တတ်၏။ ထို့ကြောင့် ဒိုင်ယာရီကိုသုံးရခြင်းပင်။

သူမ ထိုကိစ္စကိုဆက်မတွေးတော့ဘဲ အဝတ်အစားလဲပြီးသည်နှင့် ကုမ္ပဏီသို့ထွက်ခဲ့လိုက်တော့၏။





ရုံးကိုရောက်တော့ နေရာအနှံ့ရှာသည်။ မတွေ့။ သူမအတွင်းရေးမှူးမလေးကိုမေးသည်။

"မမထားခဲ့တာတော့ ကျွန်မမတွေ့မိဘူး"

ဆိုသောအဖြေတစ်ခုကိုသာ ရ၏။

သူမ ကုလားထိုင်မှာ စိတ်ပျက်စွာထိုင်ရင်း ထိုဒိုင်ယာရီအကြောင်းကိုသာ စဉ်းစားနေမိတော့သည်။

ထိုဒိုင်ယာရီစာအုပ်လေးထဲမှာ . . .

သူမ၏ နေ့စဉ်အချိန်ဇယားတွေရှိသည်။

အရေးကြီးသည့် တယ်လီဖုန်းနံပါတ်တွေရှိသည်။

ပြီးတော့ . . .

သူမဘဝ တစ်စိတ်တစ်ပိုင်းရှိ၏။

တစ်နေရာရာမှာ ကျကျန်ခဲ့ရင် တစ်ယောက်ယောက် ကောက်ရသွားရင် . . .

ထိုသူ ဘယ်သူဖြစ်မလဲ။

သူမတွေးရင်း သက်ပြင်းကိုသာချမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

- သို့မဟုတ် -

## ဒိုင်ယာရီစာအုပ်၏ စာမျက်နှာအစ

www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းသည် အတော်အတန်သာယာလှပစွာ နိုးထလာခဲ့သည်။ ထိုမနက်ခင်းနှင့်အတူ လင်းဆက်လည်းစီးမျောရင်း အိပ်ရာမှထလာခဲ့၏။ နိုးနိုးချင်း မထသေးဘဲ ပြတင်းပေါက်က နေရောင်ခြည်ကို ငေးကြည့်နေမိသည်။ ပြီးတော့စောင်ခြုံပြီး ပြန်နှပ်ဖို့စဉ်းစားမိလိုက်သော်လည်း ထိုစိတ်ကူးက ချက်ချင်းပျက်ပြယ်သွားသည်။

အိပ်ရာမှထလိုက်သည်။ အကြောတစ်ချက်ဆန့်ပြီး ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်သွားတိုက်သည်။ ပြီးတော့ပြန်ထွက်လာပြီး စားပွဲပေါ်က ဒိုင်ယာရီကိုကောက်ကိုင်လိုက်၏။

**"ရွှေအင်ကြင်းခေ**

**ရွှေအင်ကြင်းကုမ္ပဏီလီမိတက်"**

ပထမဆုံးစာမျက်နှာမှာရေးထားသော စာကြောင်းတစ်ခု။

ထိုစာကြောင်း၏အောက်တွင် ဖုန်းနံပါတ်တစ်ခုရေးထားသည်။ ကုမ္ပဏီရုံးဖုန်းဟုထင်ရသော ဖုန်းနံပါတ်တစ်ခုနှင့် ဟန်းဖုန်းနံပါတ်တစ်လုံး။

လင်းဆက်ပြုံးလိုက်သည်။

ထိုအပြုံးမှာ အဓိပ္ပာယ်တွေအများကြီးပါ၏။





ဘယ်လိုအဓိပ္ပာယ်မျိုးဆိုတာ သူကိုယ်တိုင်သာအသိဆုံးဖြစ်ပေလိမ့်မည်။

ပြီးတော့ ဒိုင်ယာရီကိုဆက်လှန်လိုက်သည်။

အလုပ်ကိစ္စချိန်းဆိုထားသောအချိန်တွေ ရေးထားသောအကြောင်းအရာများ၊ တခြားလူမှုရေးကိစ္စများနှင့် ငွေရေးကြေးရေးကိစ္စများလည်း ပါဝင်သည်။

လူတစ်ဦး၏ကိုယ်ရေးမှတ်တမ်းကို အခုလိုပိုင်ရှင်တစ်ဦး၏ ကွယ်ရာမှာဖတ်ကြည့်ရသည်ကိုတော့ မကောင်းမှန်း လင်းဆက်သိသည်။

သို့သော် ဒီလိုဖြစ်လာအောင် သူလုပ်ယူခဲ့ခြင်းမဟုတ်။ ကံကြမ္မာက ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ပထမတော့ကောက်ရပြီး နောက်တစ်ရက် ဖုန်းဆက်ပြီးပြန်ပေးမလို့ စဉ်းစားလိုက်သေး၏။ နောက်တော့ စိတ်ကူးတစ်မျိုးပေါက်သွားကာ ဒီဒိုင်ယာရီကိုအသုံးချပြီး သူ့ရင်ထဲမှာ မူလအစကတည်းက ဖြစ်ပေါ်နေသည့် နှလုံးသားပြဿနာလေးကို ဖြေရှင်းရန် ဆုံးဖြတ်လိုက်သည်။

ဒီဒိုင်ယာရီလေးကောက်ရခဲ့တာ သူ့အတွက်အခွင့်အရေးတစ်ခုပဲဖြစ်သည်။ ဒါကို အသုံးချရမည်။ ပထမစတင်ကြိုးစားတဲ့နေ့ရက်တွေမှာ တစ်ဖက်က သူ့ကိုတစ်မျိုးထင်နိုင်သည်။ သို့သော် မတတ်နိုင်၊ အကျိုးတရားတစ်ခုကို ပျက်ဆီးရာပျက်ဆီးကြောင်းပြုလုပ်ဖို့ သူ့မှာ ရည်ရွယ်ချက်မရှိတာ သူ့ကိုယ်သူအသိဆုံးပါ။

ထို့ကြောင့် အချိန်တန်ရင် သူ့ဘက်ကဘာရည်ရွယ်ချက်နှင့် လုပ်သည်ဆိုတာကို သူမ နားလည်နိုင်သည့်နေ့ သူ့ကိုခွင့်လွှတ်လိမ့်မည်ဟု လင်းဆက်တွက်ထား၏။

ထို့နောက် ဒိုင်ယာရီကို စားပွဲပေါ်ပြန်ချကာ ရေချိုးအဝတ်အစားလဲပြီး အပြင်သို့ထွက်ခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်းရုပ်က ဒီနေ့ဘာဖြစ်နေတာလဲ”

ဟု ဇည်းကမေး၏။

ဖြိုးဝေက လင်းဆက်ကိုတစ်ချက်ကြည့်ကာ ကော်ဖီကို ငုံသောက်သည်။

ကန်တော်ကြီးလေပြည်သည် သူတို့သုံးယောက်ကြား တစ်ချက်ဖြတ်တိုက်ကာသွား၏။ နှမ့ဖူးရှေ့သို့ဝဲကျလာသော ဆံပင်တချို့ကို လင်းဆက် သပ်တင်လိုက်ကာ . . .

“ငါ မနေ့ကဘယ်သွားလဲ သိလား”

“သိတယ်လေ . . . မင်းအသိတစ်ယောက် မွေးနေ့သွားတယ်”

လင်းဆက်က ခေါင်းညိတ်ကာ . . .

“အဲဒီမှာ ဘယ်သူ့ကိုတွေ့ခဲ့တယ်လို့ မင်းထင်လဲ”

“ဒါတော့ ငါတို့ဘယ်သိမလဲ . . . မင်းအသိမိတ်ဆွေတွေနဲ့ တွေ့ခဲ့မှာပေါ့”

လင်းဆက်က ကန်ရေပြင်ဘက် တစ်ချက်ငေးကြည့်ရင်း . .

“ငါ သူ့ကိုတွေ့ခဲ့တယ်”





“ဘယ်သူလဲ”

“ရွှေအင်ကြင်းဝေ”

“ဩော်”

နှစ်ဦးစလုံး ခပ်အေးအေးပင်ရေရွတ်သည်။ ထူးခြားဟန်သိပ်မပြ။ ကြားနေကျစကားတစ်ခွန်းကို ကြားလိုက်ရသလိုပင်။

လင်းဆက်က ဆက်ပြောသည်။

“ဒီစကားက မင်းတို့အတွက် မထူးခြားဘူးဆိုတာ ငါသိပါတယ်”

“ဟုတ်တယ်လေ . . . မထူးခြားဘူး . . . မင်း သူ့ကိုလိုက်နေတာကြာပြီပဲ . . . ဘာထူးခြားလို့လဲ . . . မင်းလိုက်နေမှန်းတောင် သူ သိလို့လား”

လင်းဆက်က သက်ပြင်းကိုချသည်။ ဇည်းက ပြောလက်စစကားကိုဆက်ပြော၏။

“သူ့အကြောင်းလည်း မင်းသိတာပဲကွာ . . . ဒီလောက်မာနကြီးပြီး ဒီလောက်အလုပ်ရှုပ်နေတဲ့ ကောင်မလေးတစ်ယောက်ကို ချဉ်းကပ်ဖို့ဆိုတာ လွယ်တဲ့အလုပ်မှမဟုတ်တာ”

ပြီးတော့ ချထားတဲ့အအေးကို တစ်ငုံသောက်သည်။

“နောက်ပြီး အင်ကြင်းဝေက သာမန်မိန်းကလေးမဟုတ်ဘူး . . . သူ့စိတ်ထဲမှာ သူ့အလုပ်အပေါ်ကြောင့် တက်နေတဲ့မာန်ရယ် . . . သူ့ဆီချဉ်းကပ်လာတဲ့ ဘယ်ယောကျ်ားလေးကိုမှ ဂရုမစိုက်တတ်တဲ့စိတ်ရယ် . . . ပြီးတော့ သူ့အလုပ်ကိစ္စတွေရယ်နဲ့ပဲ ပြည့်နေတာ”

ဇည်းစကားဆုံးတော့ ဖြိုးဝေက ဇည်းစကားကို ထောက်ခံတာ ဝင်ပြော၏။

“ဟုတ်တယ် လင်းဆက် . . . မင်းမေ့လိုက်ပါကွာ . . . မင်းမှာလည်း ဝိုင်းဝိုင်းလည်နေတာပါ . . . ဒီလောက်ထိ ရှုးသွပ်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး . . . မင်းလည်း မင်းအစွယ်နဲ့မင်းပါ”

လင်းဆက်က ပြုံး၍ခေါင်းကိုခါပြသည်။

“မင်းတို့မသိတဲ့ကိစ္စတစ်ခု ငါ့မှာရှိထားလို့ပေါ့ကွ”

“ဘာလဲ”

“ငါ သူနဲ့ပတ်သက်တဲ့ ဝှက်ဖဲတစ်ခု ရထားတယ်”

နှစ်ယောက်လုံး သက်ပြင်းကိုချကာ . . .

“ဘာဝှက်ဖဲလဲ”

“ငါ့မှာ သူ့ဒိုင်ယာရီစာအုပ်ရှိတယ်ကွ”

“ဟင် . . . မင်းခိုးလာတာလား”

ဗညားက မျက်လုံးပြူးကာပြောတော့ . . .

“ဟေ့ကောင် . . . စကားဆုံးအောင်နားထောင်ဦး . . . ငါ ကောက်ရလာတာကွ”

“ဘယ်တုန်းကလဲ”

“မနေ့ညက”

ဖြိုးဝေက ခေါင်းကိုညိတ်သည်။ ပြီးတော့ . . .

“ဒိုင်ယာရီစာအုပ်တစ်ခုလောက် ကောက်ရတာနဲ့ မင်း အင်ကြင်းဝေကို ချုပ်ကိုင်နိုင်မယ်ထင်လို့လား”

ဗညားကလည်း ထောက်ခံသည်။

“ဖြိုးဝေပြောတာ မှန်တယ် . . . မင်းက အင်ကြင်းဝေလို မိန်းမမျိုးကို ဒိုင်ယာရီတစ်အုပ်လောက်နဲ့ ချုပ်ကိုင်ဖို့ကြိုးစားတယ် ဆိုတာ မင်းရူးတာပဲ”

လင်းဆက်က ခေါင်းကိုခါပြကာ . . .

“ဒိုင်ယာရီက သာမန်ဒိုင်ယာရီမဟုတ်ဘူးကွ . . . သူ့ရဲ့ နေ့စဉ်လုပ်ဆောင်မှုတွေအားလုံးကို အသေးစိတ်ကြိုတင်မှတ်ထားတဲ့ ဒိုင်ယာရီ . . . လူတစ်ယောက်ဆိုတာ အရာအားလုံးကိုမှတ်မိနေဖို့





လွယ်ဘူးလေ . . . အထူးသဖြင့် သူလိုအလုပ်များတဲ့သူတစ်ယောက် အတွက် ပိုမလွယ်သေးတယ် . . . ဒါကြောင့် သူ့ရဲ့ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေ၊ အလုပ်ကိစ္စတွေ အားလုံးကို အဲဒီဒိုင်ယာရီထဲမှာ ရေးထားတယ် . . . ပွင့်ပွင့်လင်းလင်းပြောရရင် တစ်နေ့တာဖြစ်ပျက် ခဲ့တဲ့အရာတွေကို အဲဒီတစ်ရက်ပြီးဆုံးသွားမှ ရေးမှတ်လေ့ရှိတဲ့ သာမန် ဒိုင်ယာရီမဟုတ်ဘူး . . . သူရေးထားတာက သူ့ဘဝရဲ့မနက်ဖြန်တွေ မှာ သူလှုပ်ရှားရမယ့်အကြောင်းအရာတွေကို မှတ်တမ်းတင်ထားတဲ့ ဒိုင်ယာရီ . . . တစ်နည်းပြောရရင် မနက်ဖြန်မှတ်တမ်းလို့ခေါ်ရင် လည်း ရတယ်”

နှစ်ယောက်လုံး နည်းနည်းတော့စိတ်ဝင်စားသွားကြသည်။

“အဲဒီဒိုင်ယာရီကို မင်းကရထားတော့ . . .”

စကားကိုဖြတ်ကာ လင်းဆက်ကိုဝိုင်းကြည့်ကြ၏။ လင်းဆက် တစ်ယောက်ချင်းစီမျက်နှာများကို စေ့စေ့ကြည့်ကာ . . .

“အင်ကြင်းဝေရဲ့မနက်ဖြန်တွေကို ငါပိုင်ပြီပေါ့ကွာ”

“အဲဒီတော့”

လင်းဆက်က . . .

“သူ့ရဲ့မနက်ဖြန်တွေဟာ ဒီနေ့ကစပြီး ငါစိတ်နဲ့ခုတ်မောင်း နေစေရမယ် . . . မင်းတို့မယုံရင် စောင့်ကြည့်”

ဗညားနဲ့ဖြိုးဝေ ငြိမ်ကျသွားသည်။ ခဏနေတော့မှ သဘော ပေါက်သွားဟန်ပြုံးကာ . . .

“ဟား ဟား ဟား . . . ကောင်းတယ်ကွာ . . . ဒီတစ်ခါ တော့ ရွှေအင်ကြင်းဝေ ကျွတ်တမ်းဝင်ဖို့အချိန်တန်ပြီ ထင်ပါတယ်”

ကန်တော်ကြီးရေပြင်ကတော့ လှိုင်းကြက်ခွပ်လေးတွေ ထမြဲ အတိုင်း ထနေကြ၏။ အဝေးက တွန်ကျူးလိုက်သော ဘဲငန်း တစ်ကောင်၏အသံကို ကြားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက်ခင်းသည် သူမဘဝတွင် စိတ်အရှုပ်ဆုံး မနက်ခင်းတစ်ခုဖြစ်သည်။ ညကလည်း ကောင်းကောင်းအိပ်မပျော်ခဲ့သလို မနက်ကျတော့လည်း ခပ်စောစောနိုးနေသည်။

လွန်ခဲ့တဲ့တစ်ရက်လောက်ကဆို ဒီလိုနိုးထလာတာနှင့် သူမတစ်နေ့တာလုပ်ဆောင်ရမည့်ကိစ္စတွေကို စာမျက်နှာတစ်ခုလောက်လေးလာလိုက်တာနှင့် သိနိုင်သည်။ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နိုင်သည်။

အခုတော့ . . .။

တွေးရင်း သူမတောက်တစ်ချက်ခေါက်လိုက်၏။

သက်ပြင်းကိုချသည်။ ကုမ္ပဏီသွားဖို့အချိန်ကလည်း တော်တော်လေးစောနေသေး၍ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။

နောက်တော့ ခေါင်းအုံးပေါ်ပြန်လှဲကာ ပျောက်ဆုံးသွားသည့် ဒိုင်ယာရီလေးအကြောင်းကို ပြန်လည်စဉ်းစားနေမိ၏။

ဒိုင်ယာရီ . . .။

သာမန်အားဖြင့် အရေးကြီးသောပစ္စည်းလေးတစ်ခုမဟုတ်။







သို့သော် သူမအတွက်တော့ အရေးကြီးနေသည်။

လူကြားရင် ရယ်စရာကောင်းသည်။

အင်ကြင်းဝေလို့မိန်းမတစ်ယောက်က ဒီလိုဘာမဟုတ်သည့် ဒိုင်ယာရီလေးတစ်အုပ်အတွက် ဒီလောက်တုန်လှုပ်နေစရာမလို။ မနက်အစောကြီး အကြောင်းမဲ့စိတ်ညစ်နေစရာမလို။

ဒါပေမဲ့ အခုတော့ သူမစိတ်ညစ်နေရပြီ။

မျှော်လင့်ချက်လေးတစ်ခုတော့ ရှိ၏။

ထိုဒိုင်ယာရီလေးရှေ့တွင် သူမရုံးဖုန်းနှင့်ဟန်းဖုန်းနံပါတ်တွေကို ရေးထားသည်။ ကောက်ရခဲ့သူက စိတ်စေတနာထားစွာနားလည်လျှင် သူမဆီဖုန်းဆက်၍ အသိပေးလာနိုင်၏။

သို့သော် ထိုစိတ်ကူးကလည်း တစ်ဝက်သာသေချာသည်။ ဘယ်သူက ဘာမဟုတ်သည့်ဒိုင်ယာရီလေးကို တကူးတကန့် ဖုန်းဆက်ပြီး ပြန်ပေးမှာလဲ။ သူမ ထိုသို့တွေးမိပြန်တော့ စိတ်ကပြန်ညစ်သွားရပြန်ပါသည်။

ထို့နောက် ခေါင်းတွေနောက်လာ၍ အိပ်ရာမှထကာ မျက်နှာသစ်သွားတိုက်၍ အဝတ်အစားလဲကာ အပြင်သို့ထွက်ခဲ့လိုက်တော့၏။

သူမအခန်းကထွက်တော့ မာမီက . . .

"သမီး . . . အစောကြီးပါလား . . . ကိစ္စရှိလို့လား"

သူမ အားယူပြုံးပြလိုက်ကာ . . .

"ထွေထွေထူးထူးတော့မရှိပါဘူး မာမီ . . . အစောကြီးနိုးနေလို့ အိပ်မရတာနဲ့ အပြင်သွားမလို့"

"ဒါဆို ကော်ဖီသောက်သွားလေ"

"မသောက်တော့ဘူး . . . သမီးအပြင်မှာပဲ တစ်ခုခုစားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အင်ကြင်းမြင့် ဘာမှဆက်မပြောတော့ဘဲ သူ့သမီးကိုသာ ပြုံးပြီးကြည့်နေမိတော့၏။ သမီးအကြောင်း သူမကောင်းကောင်းသိသည်။ အမြဲတမ်းရွှင်လန်းတက်ကြွနေသည့် အင်ကြင်းဝေက ဒီနေ့မနက်ကျမှ မျက်နှာမသာမယာဖြစ်နေသည်။ စိတ်ရှုပ်စရာတစ်ခုခု ကြုံလာပြီထင်သည်။

သို့သော် သူမမမေးမိ။ သမီးမှာ အရည်အချင်းတွေ အပြည့်အဝရှိတယ်ဆိုတာ သူမယုံကြည်၏။ ပြဿနာတစ်ခုကို ခေါင်းအေးအေးထားဖြေရှင်းနိုင်တယ်ဆိုတာလည်း သူမသိသည်။ အချိန်တန်ရင် ပြီးဆုံးသွားပါလိမ့်မည်။

အင်ကြင်းဝေက သူမအိမ်ရှိရာ ရွှေတောင်ကြားရိပ်သာထဲမှ ကားကိုမောင်း၍ထွက်လာခဲ့တော့၏။ ဆောင်းတွင်းမနက်ခင်းဖြစ်သောကြောင့် အပြင်မှာ နှင်းတွေဝေနေသည်။ ကားမှန်တံခါးတွေဖွင့်ထား၍ အေးမြသောနှင်းငွေ့က သူမပါးပြင်လေးကို လာရောက်ရိုက်ခတ်၏။ တဒင်္ဂစိတ်ညစ်နေမှုများ ချက်ချင်းလွင့်ပြယ်သွားသည်ဟု ထင်လိုက်မိသည်။

သူမနှင်းစက်နှင်းမှုံများကြား ကားမောင်းနေရသည်ကို ပျော်လာသည်။ သူမပြုံးလိုက်သည်။ ထို့နောက် ကားကို အင်းယားကန်ရှိရာဘက်သို့ ဦးတည်၍မောင်းခဲ့လိုက်ပါတော့သည်။



ကျန်းမာရေးအတွက် မနက်ခင်းထပြေးနေသူများ၊ စက်ဘီးစီးနေသူများ၊ လမ်းလျှောက်နေသူများနှင့် သာယာလှပနေသော အင်းလျားကန်ပေါင်သည် ရန်ကုန်၏ဆောင်းနံနက်ခင်းအလှအပများကို အစွမ်းကုန်အန်ထုတ်ဖော်ကျူးလျက်ရှိ၏။

ရွှေအင်ကြင်းဝေက ကားကိုကားရပ်နားရန်နေရာတွင် ထိုး၍ ကန်ပေါင်ဘက်သို့ လမ်းလျှောက်လာခဲ့၏။

အင်းလျားကိုမရောက်တာတောင် ကြာခဲ့ပြီ။ အလုပ်တွေ လူမှုရေးကိစ္စတွေနှင့် တစ်နေ့တစ်နေ့အချိန်ကုန်နေသော သူမသည် အင်းလျားနှင့်အချိန်အတန်ကြာ အဆက်ပြတ်နေခဲ့သည်။

ဒီနေ့မနက် သူမအင်းလျားကိုရောက်တော့ စိတ်တစ်ခုလုံး ပေါ့ပါးလွတ်လပ်နေ၏။ ရှူသွင်းလိုက်သောလေထဲတွင် ပါဝင်သော ကန်ရေပြင်ရနံ့နှင့် အေးစက်သောနှင်းစက်အထိအတွေ့တို့သည် သူမကို လန်းဆန်းပေါ့ပါးနေလေသည်။

ကန်ပေါင်ကိုလျှောက်လာရင်းနှင့် သူမပတ်ဝန်းကျင်၏ ကြည်နူးမှုကိုခံစားရင်း စီးမျောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင် လူငယ်တစ်စု အပြေးလေ့ကျင့်နေသော ကောင်မလေးတွေကို မကြားတကြားလေးနောက်ပြောင်နေသည်။ သူမနောက်မှ အဘိုးကြီးအဘွားကြီးလက်ကိုကိုင်ကာ ရယ်ကာပြုံးကာနှင့် စကားပြောနေသည်။

ထိုမြင်ကွင်းလေးကြောင့် သူမရင်မှာ ကြည်နူးသွားသည်။ ငယ်ကချစ် အနှစ်တစ်ရာဆိုသောစကားကို ထိုအဘိုး၊ အဘွားစုံတွဲက သက်သေထူသွားပြီ။

သူမအေးကိုလှည့်ကြည့်မိတော့ ခုံတန်းလျားတွင် လူငယ်စုံတွဲတစ်တွဲ တစ်ယောက်လက်ကိုတစ်ယောက် ကိုင်ကာ ထိုင်နေကြ၏။

ထိုအချိန် သူမခေါင်းထဲတွင် အတွေးတစ်ခုဝင်လာမိသည်။

သူမ ဒီအရွယ်အထိ ဘာကြောင့်ရည်းစားမထားဖြစ်သေးတာလဲ။ သူမသူငယ်ချင်းတွေဆို ကိုယ်စီကိုယ်စီရည်ရွယ်သူတွေ ရှိနေကြပြီ။ တချို့ဆို အိမ်ထောင်ရက်သားတွေတောင် ကျကုန်ကြလေပြီ။ သူမကရော။

တွေးရင်း ပြုံးမိ၏။ ထိုအပြုံးက ရှက်ပြုံး။

သူမကိုကြိုက်မယ့်လူမရှိလို့ ရည်းစားမထားဖြစ်ခြင်းမဟုတ်။ သူမကို လာရောက်ကြောင်းလမ်းသူတွေ သူမအချစ်ကိုမှမရရင် လောကကြီးမှာ အသက်ဆက်မရှင်သန်ချင်တော့ဘူးဟု ပြောသူတွေမှ အများကြီး။

သို့သော်ထိုအများကြီးထဲမှာ သူ ဘယ်သူ့ကိုမှသဘောမတွေ့။ အဓိကအားဖြင့် သူမရင်ကို လှုပ်ခတ်အောင်လုပ်နိုင်သည်။ ပုရိသတစ်ယောက်မှမပါပေ။ ထို့ကြောင့် ဒီအရွယ်အထိ သူမမှာရည်းစားမရှိရခြင်းပင်။

နောက်အကြောင်းတစ်ခုရှိသေးသည်။

သူမသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်နေ





သော လုပ်ငန်းရှင်တစ်ယောက်ဖြစ်သည်ကတစ်ကြောင်း၊ သူမ၏ ကြွယ်ဝသောအလှအပများကြောင့် အလိုလိုဖြစ်ပေါ်လာသည့် မာန်မာန တရားများကြောင့်လည်းကောင်း၊ တော်ရုံ သူမကိုချဉ်းကပ်လာကြသော ယောကျ်ားများသည် အလိုလိုရှိန်သွားကြကာ စစ်မရောက်ခင် မြားကုန်သွားတတ်ကြ၏။

သို့သော် ရည်းစားတစ်ယောက်ထားဖို့အတွက်ကြောင့်တော့ သူမ၏အလေ့အထ၊ အကျင့်စရိုက်များကိုမပြင်နိုင်ပါ။

ထို့ကြောင့် သူမ၏ဘဝရှေ့ရေးဖူးစာအတွက် ကံကြမ္မာတရားကိုသာ သူမ အပ်နှံထားမိပါတော့သည်။

ဤသို့ ဟိုဟိုဒီဒီတွေးရင်း လမ်းလျှောက်လာရာ တော်တော်ခရီးရောက်လာ၍ နေတောင်ထွက်လာပြီ။ ထို့ကြောင့် ပြန်ရန်ဆုံးဖြတ်၍ ကားဆီသို့ပြန်အလှည့်တွင် လက်ကိုင်ဖုန်းမှအသံမြည်လာ၏။

ဝင်လာသည့်ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ သူမ မသိသော နံပါတ်စိမ်းတစ်ခု။ သူမ ဖုန်းကိုင်လိုက်စဉ် တစ်ဖက်မှယောကျ်ားတစ်ယောက်အသံကို ကြားရသည်။

“ရွှေအင်ကြင်းဝေလား”

သူမနာမည်ကိုမေးလာ၍ . . .

“ဟုတ်ပါတယ်ရှင်”

“အခုဘယ်ရောက်နေလဲဟင်”

“အခုပြောနေတာ ဘယ်သူပါလဲ”

“ကျွန်တော်ဘယ်သူဘယ်ဝါဆိုတာထက် ရွှေအင်ကြင်းဝေ ဘယ်ရောက်နေလဲဆိုတာ အရေးကြီးပါတယ်”

သူမစိတ်ထဲ တင်းခနဲတစ်ချက်ဖြစ်ကာသွား၏။ တစ်ဖက်လူ၏စကားအပြောအဆိုက တင်စီးလွန်းသည်ထင်သည်။ ထို့ကြောင့် . .

“ရှင် ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ရွှေအင်ကြင်းဝေကို ကူညီပေးမယ့်လူ တစ်ယောက်လို့ လောလောဆယ်သိထားလိုက်ပါ. . . အခုလို မနက် စောစောစီးစီးဖုန်းဆက်တာကို အနှောင့်အယှက်မဖြစ်ဘူးလို့လည်း ယူဆပေးပါ"

"နေပါဦး . . . ရှင်က ကျွန်မဖုန်းကိုဆက်ပြီး ဘာလို့ကျွန်မ အကြောင်းတွေ စစ်လားဆေးလားလုပ်နေတာလဲ"

ဟိုဘက်က ခပ်အုပ်အုပ်ရယ်သံသဲ့သဲ့ကိုကြားရသည်။ ပြီးမှ

"ကျွန်တော်က စေတနာနဲ့ပါ . . . ရွှေအင်ကြင်းဝေ အခု ကုမ္ပဏီမသွားသေးဘဲ အပြင်တစ်နေရာမှာရောက်နေရင် ကုမ္ပဏီကို အမြန်သွားစေချင်လို့ပါ . . . ဘာလို့လဲဆိုတော့ ရှစ်နာရီမှာ ရွှေ အင်ကြင်းဝေ ကျောက်မျက်ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး စက်ာပူက ဝယ်ယူသူတစ်ယောက်နဲ့ ချိန်းထားတာရှိပါတယ် . . . အဲဒီကိစ္စလေး အတွက် ကြိုတင်ပြင်ဆင်စေချင်လို့ပါ"

"ရှင်"

သူမထံမှ အာမေဋိတ်သံတစ်ခု လွင့်ခနဲထွက်ကျလာသည်။ ပြီးတော့ ရုတ်တရက်ကြက်သေသေသွားစဉ် တစ်ဖက်မှဖုန်းချသွားပါ တော့၏။

သူမ သတိပြန်ဝင်လာစဉ် တစ်ဖက်ကခေါ်တဲ့ဖုန်းနံပါတ်ကို အမြန်ပြန်နှိပ်ပြီး ဆက်ကြည့်၏။

သို့သော် တစ်ဖက်ဖုန်းကပိတ်သွားလေပြီ။

သူမကားဆီသို့ အိပ်မက်က ယောင်ယမ်းလျှောက်သူလို လျှောက်လာခဲ့သည်။ သူမကားထဲမှာထိုင်သည်။

သို့သော် စိတ်က ခုနကိစ္စမှာ။ သူမ ကားစက်နှိုးသည်။ သို့သော် စိတ်က ခုနဖုန်းခေါ်သူထံမှာ။ ထို့နောက် သူမကားကို မောင်းထွက်ခဲ့၏။





ကုမ္ပဏီကိုသွားတဲ့ လမ်းတစ်လျှောက် သူမတွေးလာခဲ့သည်။ ဒါ ဘာသဘောလဲ။

ပြီးတော့ . . . သူမဒိုင်ယာရီ ဒီလူ့ထံမှာလား။

သက်ပြင်းချရုံအပြင် ဘာမှမတတ်နိုင်တော့ပေ။



www.burmeseclassic.com

လင်းဆက်ပျော်နေ၏။ ရုတ်တရက်တွေ့လိုက်ရသည့်မျက်နှာလေးကြောင့်ဖြစ်သည်။ ပြီးတော့ အံ့ဩသွားသည့်အသံလေး။ အခုထိနားထဲက လေလှိုင်းလက်ကျန်လေးထဲမှာ စိုးမိုးနေတုန်းပင်။

ဒီမနက် ဒီကောင်မလေးကိုတွေ့ရလိမ့်မည်ဟု လုံးဝထင်မထား။ လင်းဆက်က တစ်ရက်ခြားတစ်ခါ အင်းလျားကန်ပေါင်မှာလာပြီး ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်နေကျ။

သို့သော် သူမနဲ့ တစ်ခါမှမဆုံဖူး။ အခုကျမှ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့သည်။ တရုတ်ကားတွေထဲကအတိုင်းဆိုလျှင် မိုးနတ်မင်းက အလိုလိုက်တာ လားမသိပေ။ သို့သော် ဒီကိစ္စက မိုးနတ်မင်းဖြစ်ချင်မှဖြစ်မည်။ ဖူးစာရေးနတ်ဖြစ်ဖို့များ၏။

သူမကို စတွေ့တွေ့ချင်း အံ့ဩမိ၏။ နောက်တော့ မယောင်မလည်နှင့် နောက်ကလိုက်ချောင်းသည်။ သူမပုံစံကြည့်ရတာ တခြားသူတွေလို ကျန်းမာရေးအတွက် အားကစားတစ်ခုခုလုပ်ဖို့ ကန်ပေါင်ကိုရောက်လာဟန်မတူ။ လမ်းကြုံ၍ ပျင်းလို့ဝင်လာသလိုရှိသည်။

လမ်းကို တစ်လှမ်းချင်းခပ်အေးအေးလျှောက်၍ ဟိုငေး





ဒီငေး လုပ်နေသည်။ မျက်နှာကလည်း တစ်ခုခုကိုတွေ့နေသလိုရှိ၏။

သူမနောက် မယောင်မလည်လိုက်ရင်းနှင့် လင်းဆက်အကြံတစ်ခုရကာ ကားပေါ်ပါလာသော ဒိုင်ယာရီကိုဖွင့်ကာကြည့်မိ၏။ ထို အားလျော်စွာ သူမ ဒီနေ့မနက်ရှစ်နာရီမှာ အလုပ်ကိစ္စတစ်ခုချိန်းဆိုထားသည့် မှတ်တမ်းကိုတွေ့ရ၏။ သူမပုံကြည့်ရတာ ထိုကိစ္စကိုသတိရပုံမပေါ်ပေ။ ထို့ကြောင့် စာအုပ်ရှေ့မှာ မှတ်ထားသည့် ဖုန်းနံပါတ်ကို နှိပ်ကာပြောလိုက်မိသည်။

ရွှေအင်ကြင်းဝေ တော်တော်အံ့ဩသွားပုံရသည်။ ဖုန်းပြောနေရင်းနှင့် လမ်းလယ်ခေါင်မှာ မတ်တပ်ရပ်ပြီး ကြက်သေသေသွားတာကို သူကားပေါ်မှလှမ်းမြင်လိုက်ရသည်။ သူ့ဖုန်းချသွားသော်လည်း ပြန်ခေါ်နေပုံရသည်။ ထို့ကြောင့် ချက်ချင်းဖုန်းပိတ်ကာ သူမအခြေအနေကို ကားထဲမှဆက်လေ့လာနေမိသည်။

ခဏကြာတော့ သူမကားဆီသို့လျှောက်လာ၍ မောင်းထွက်သွားလေတော့သည်။

လင်းဆက်ပြုံးလိုက်၏။

ဒိုင်ယာရီကို ဆက်ကြည့်လိုက်သည်။

၁၁း၀၀ မှာ အလှူတစ်ခု သူမသွားရမည်။ သူသတိပေးရပါဦးမည်။

www.burmeseclassic.com



အလုပ်ကိစ္စတွေပြောနေရသော်လည်း စိတ်ပါဝင်စားမှု သိပ်မရှိ။ ထို့ကြောင့် လုပ်ကိုင်ချင်သည့်အကြောင်းအရာ အရိပ်အမြွက်လောက်သာပြောပြီး အစည်းအဝေးကိုရပ်နားလိုက်၏။

ထို့နောက် သူမရုံးခန်းထဲရှိ စားပွဲခုံမှာထိုင်လိုက်ကာ လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်သည်။

ရုံးအကူကောင်လေးတစ်ယောက်ဝင်လာ၍ . . .

"ကော်ဖီတစ်ခွက်လောက်ပေးကွယ် . . . ဪ . . . ပြီးရင်အေးမွှန်ကိုလွှတ်လိုက်"

ကောင်လေးက ခေါင်းညိတ်ကာပြန်ထွက်သွား၏။ ခဏကြာတော့ အေးမွှန်ကကော်ဖီခွက်ကိုကိုင်ကာ ဝင်လာသည်။

"မမ ခေါ်တယ်ဆို"

သူမခေါင်းညိတ်ပြ၍ အေးမွှန်ချပေးသော ကော်ဖီပူပူတစ်ချက် မှုတ်သောက်လိုက်ကာ . . .

"ငါ နင့်ကိုပြောစရာရှိလို့"

အေးမွှန်က ငြိမ်သက်စွာဆက်နားထောင်၏။





"ငါ ဒိုင်ယာရီကို တစ်ယောက်ယောက်ကောက်ရထားတယ်ဆိုလား"

အေးမွှန်မျက်နှာပေါ်တွင် အပျော်အပြုံးတစ်ခု ခုန်တက်လာကာ . . .

"ဟာ ဟုတ်လား . . . တော်သေးတာပေါ့ . . . ဘယ်တော့လာပေးမယ်ပြောလဲ"

သူမ သက်ပြင်းကိုချရင်း . . .

"လာပေးမယ်ဆိုတဲ့စကားကို တစ်ခွန်းမှပြောမသွားဘူး . . . ဒါပေမဲ့ ဒီနေ့မနက်ကိစ္စကိုတော့ ငါ့ဖုန်းကိုဆက်ပြီးလှမ်းပြောသွားတယ်"

အေးမွှန်က နှုတ်ခမ်းကိုစူလိုက်ကာ . . .

"ဟင် . . . ဘယ်လိုကြီးလဲ"

သူမဘာမှဆက်မပြောသေးဘဲ ကုလားထိုင်နောက်ကျောကိုမှီကာ ငြိမ်နေမိသည်။ အေးမွှန်ပြောသည့် ဘယ်လိုကြီးလဲဆိုသည့်စကားကို သူ့ရင်ထဲမှ မနက်ကတည်းကတွေးတောပြီးဖြစ်သည်။

"ဒီလူကြည့်ရတာ ဒီဒိုင်ယာရီဟာ ငါ့အတွက်အရေးကြီးတယ်ဆိုတာ သိပုံရတယ်"

"ဒါဆိုလည်း ငွေနဲ့ရွေးမယ်လို့ပြောလိုက်ပေါ့"

"အဲဒီလိုပြောလို့ရရင် ကောင်းမှာပဲလို့ ငါတွေးနေတာ"

"မမရယ် . . . ငွေဆိုတာ လူတိုင်းမက်မောတဲ့ဟာပဲ . . . ရမှာပေါ့"

သူမ ခေါင်းတစ်ချက်ခါပြကာ . . .

"ဒါ့အပြင် ငါစိတ်ညစ်နေတာတစ်ခုရှိတယ်"

"ဘာလဲဟင်"

"အခု ဒိုင်ယာရီကောက်ရသွားတဲ့လူက ရိုးရိုးသာမန်လူဆို



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတယ် . . . သာမန်လူမဟုတ်ဘဲ ငါတို့နဲ့စီးပွားပြိုင်ဘက် ကုမ္ပဏီတစ်ခုက လူတစ်ယောက်ယောက်ဖြစ်နေရင်တော့ ငါ့အကြံ အစည်တွေ သူတို့ကြိုသိသွားနိုင်တဲ့အတွက် ဒုက္ခပဲ"

အေးမွန်က ထိုစကားကို လေးလေးနက်နက်စဉ်းစားပေး သည်။ ပြီးမှ . . .

"အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် . . . တကယ်လို့ မမ တွေးသလိုသာဖြစ်ခဲ့ရင် မနက်က သူဖုန်းဆက်ပြောပါ့မလား"

သူမပြုံးလိုက်သည်။ ခနဲ့ပြုံး။

"ငါ့ကို သတိပေးတဲ့အနေနဲ့ ဆက်တာလည်းဖြစ်နိုင်တာပဲ . . . ပြီးမှ ငါ့ကိုအကျပ်ကိုင်ရင် ဘယ်လိုလုပ်မလဲ"

အေးမွန်စိတ်ညစ်စွာ ခေါင်းကိုကုတ်လိုက်၏။

"ကျွန်မလည်း မတွေးတတ်တော့ဘူး မမရယ်"

သူမမျက်စိလေးမှိတ်၍ ကုလားထိုင်ကိုမှီနေမိ၏။ တော် တော်ကြာသည်အထိ ဘာစကားမှမပြောတော့သော သူမကိုကြည့် ကာ အေးမွန်အလိုက်သိစွာ ထွက်လာခဲ့သည်။ သူမမျက်စိမှိတ်၍ မှေးနေတုန်းပင်။

အခန်းထဲမှာ စားပွဲတင်နာရီ၏ စက္ကန့်သံတစ်ချက်ချက်မှ လွဲ၍ အရာရာငြိမ်သက်လျက်။



နာရီတစ်လုံးကို အကြာဆုံးကြည့်ဖူးတာ ဒီတစ်ခါပထမဆုံး အကြိမ်ဖြစ်မည် ထင်သည်။ ခါတိုင်းပုံမှန်သွားနေသော စက္ကန့်တံတွေ က အခုမှတော်တော်လေးနှေးကွေးနေသယောင်ထင်ရ၏။

ဆယ့်တစ်နာရီကလည်း ထိုးခဲ့လှသည်။ တယ်လီဖုန်းကို တော့ အသင့်ကိုင်ထားပြီးပြီ။ အမှန်တော့ ကြိုတင်ဆက်ထားရင် လည်းဖြစ်၏။ သို့သော် အချိန်တိကျစွာလုပ်ကိုင်တတ်ကြောင်းကို သူမ သိစေချင်၍ ဆယ့်တစ်နာရီကျမှဆက်ဖို့ ဆုံးဖြတ်ထားခြင်းပင်။

ဟော . . . ထိုးခါနီး တစ်မိနစ်အလိုကို နာရီမိနစ်တံလေး ရောက်လာပြီ။

လင်းဆက်ဖုန်းကို ကိုင်၍ ရွှေအင်ကြင်းဝေ၏ ဖုန်းနံပါတ်ကို နှိပ်လိုက်ပါတော့သည်။

ထိုအချိန်တွင် ရွှေအင်ကြင်းဝေက ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်ကာနေသည်။ တယ်လီဖုန်းမြည်သံကြားတော့ နံပါတ်ကို လှမ်းကြည့်လိုက်သည်။

နံပါတ်ကို မြင်မြင်ချင်း ဇဝေဇဝါဖြစ်သွားသေး၏။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မနက်ကဆက်ထားတဲ့ဖုန်းနံပါတ်မှန်း မှတ်မိသွားကာ ချက်ချင်းကောက်ကိုင်လိုက်၍ . . .

"ဟဲလို"

သူမထူးလိုက်ချိန်တွင် ဟိုဘက်မှ . . .

"အခုဘာလုပ်နေလဲ"

"အလုပ်စာရင်းတွေ . . . အဲ . . . နေပါဦး . . . ကျွန်မဟာ ကျွန်မ ဘာလုပ်လုပ်ပေါ့ . . . ရှင်နဲ့ဘာဆိုင်လဲ"

"ကျွန်တော်နဲ့တော့ ဘာမှမဆိုင်ပါဘူး . . . ဒါပေမဲ့ ရွှေအင်ကြင်းဝေနဲ့ဆိုင်တဲ့ကိစ္စလေးတစ်ခုကို ပြောချင်လို့ပါ"

သူမငြိမ်နေမိ၏။ လင်းဆက်က ဆက်ပြောသည်။

"အလှူတစ်ခုသွားဖို့ရှိတယ် . . . အသင့်ဖြစ်နေပြီလား"

"ရှင်"

"အလှူသွားဖို့ရှိတယ်လို့ ပြောတာ"

ထိုအချိန်မှ သူမရုတ်တရက်သတိရသွားကာ . . .

"ဟယ် . . . ဟုတ်တယ် . . . မေ့နေလိုက်တာ ဘယ်နှနာရီလဲ"

"ဆယ့်တစ်နာရီ"

သူမ နာရီကို ကမန်းကတန်းကြည့်လိုက်မိ၏။

"ဟင် . . အခုပဲ ဆယ့်တစ်နာရီထိုးနေပြီ . . . ရှင် အခုမှ ဘာလို့ပြောတာလဲ"

"ဗျာ"

သူမအသံ နည်းနည်းမာသွားသည်။ ရုတ်တရက်ဒေါသထွက်သွားသောကြောင့်ဖြစ်၏။

"ပြောမယ်ဆိုလည်း ဖုန်းကိုကြိုဆက်သင့်တာပေါ့ . . . အခုတော့ ပြင်ဆင်ချိန်တောင်မရတော့ဘူး"





"ဟို . . ဟိုဟာ . . . ကျွန်တော်က အချိန်လေးအတိအကျ လုပ်တတ်ကိုင်တတ် . ."

"တော်တော့ . . . ရှင့်ဟာရှင် အချိန်အတိအကျလုပ်တတ်တာ ကျွန်မနဲ့ဘာဆိုင်လို့လဲ . . . အခုဟာက ကျွန်မကိစ္စလေ . . . ရှင် ကျွန်မကို ကြိုပြောသင့်တာပေါ့"

လင်းဆက် အားနာသွား၏။ သူမပြောတာ မှန်ကန်နေ၍ဖြစ်သည်။

"ဆောရီးဗျာ . . . ကျွန်တော်မှားသွားတယ် . . . နောက်ဆို ကြိုပြောမယ်နော်"

"ထားပါတော့ . . . ဒါနဲ့ ရှင်က ကျွန်မဒိုင်ယာရီကို ဘာလို့ယူထားတာလဲ . . . လာပေးလေ"

လင်းဆက်ငြိမ်နေမိသည်။ ရွှေအင်ကြင်းဝေ စိတ်မရှည်တော့သော လေသံဖြင့် . . .

"ပြောနေတယ်လေ"

"ဒီနေ့ အဲဒီအလှူသွားဖို့ကိစ္စပြီးရင် ရွှေအင်ကြင်းဝေ ဘာကိစ္စမှမရှိတော့ပါဘူး . . . နောက်နေ့ကျမှ ကျွန်တော်ဖုန်းဆက်လိုက်မယ်နော်"

"ဒီမှာ ခဏနေဦး . . . ရှင် ကျွန်မမေးတာ မဖြေသေးဘူးနော် . . . ဖြေလေ"

လင်းဆက် သက်ပြင်းတစ်ချက်ချလိုက်ကာ . . .

"ကျွန်တော် ရွှေအင်ကြင်းဝေရဲ့မနက်ဖြန်လေးတွေကို တတ်နိုင်သမျှ အပိုင်သိမ်းထားခွင့်လေး ပေးပါဗျာ"

ပြော၍ ဖုန်းချပစ်လိုက်သည်။ သူမဖုန်းကိုကိုင်ကာ ကြောင်၍ကျန်ခဲ့၏။ ဖုန်းပြန်ဆက်ဖို့စဉ်းစားလိုက်သော်လည်း ပြန်မဆက်ဖြစ်တော့။ အလှူသွားဖို့ကိစ္စကိုသာ ပြင်ဆင်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိစ္စ တော်တော်ခရီးရောက်နေပြီလား"

ဟု ဗညားကမေးသည်။ လင်းဆက်က . . .

"မနေ့ကတော့ ဖုန်းပြောပြီးပြီ"

"ဘာပြောလဲ"

"စကားပြန်ပြောတယ်"

"ခွိုးပဲ . . . အဲဒါတော့ မင်းပြောမှလား . . . စကားပြန်မပြောလို့ သူက အ,နေလို့လား . . . ငါတို့မေးတာက အဆင်ပြေလား၊ မပြေဘူးလား . . . အဲဒါမေးတာ"

"ပြေပါတယ်"

"အေးဆေးပဲပေါ့"

ဖြိုးဝေကဝင်မေးတော့ . . .

"အေးဆေးပါပဲ . . . ဒါပေမဲ့ ဒုတိယတစ်ခါဖုန်းဆက်တော့ ကောခံလိုက်ရတယ်"

"ဘာလို့လဲ"





"သူအလှူသွားဖို့ကိစ္စကို သွားမယ့်အချိန်ရောက်မှ ဖုန်းဆက်ပြီးပြောလို့တဲ့"

နှစ်ယောက်စလုံးပြုံးသည်။ ပြီးမှ . . .

"မင်းလည်း ဝင်္ခပဲနော်"

"ဘာလို့လဲ"

"ဪ . . . ကိုယ့်ထမင်းကိုယ်စားပြီး အလကားနေရင်းသူများ အချိန်ဇယားတွေနဲ့လုံးပမ်းနေရလို့ . . . ဒီလိုလုပ်ပါလား . . . မင်း သူ့ရဲ့စက္ကထရီလုပ်လိုက်ပါလား"

ရွှဲ့ပြောတဲ့စကားမှန်းသိသည်။ လင်းဆက်ကတော့ အတည်ပေါက်ပြန်ဖြေမိ၏။

"သူသာခိုင်းမယ်ဆို တစ်သက်လုံးသူ့အနားမှာနေချင်တာ"

"သေလိုက်"

"ငကြောင်"

သူပြုံးလိုက်မိ၏။

တကယ်ပါ။ အခုလိုအခြေအနေဖန်တီးပေးတဲ့ ကံကြမ္မာကိုလည်း ကျေးဇူးတင်သည်။

ပြီးတော့ ပျော်လည်းပျော်နေမိသည်။ ပြီးမှ သတိရသွားကာ

"ဟာ . . . ငါမေ့နေလိုက်တာ . . . ဒီနေ့ကိစ္စ သူ့ကိုပြောရဦးမယ်"

ဟုပြော၍ ဒိုင်ယာရီကိုလှန်လိုက်မိ၏။

ဒီနေ့အလုပ်သုံးခုလုပ်ရန်ရှိသည်။

မနက်ဆယ်နာရီမှာ ဘုရားတက်မည်။

နေ့လယ်တစ်နာရီမှာ ရေသန့်ဘူးစက်ရုံကို သွားရောက်စစ်ဆေးရန်ရှိသည်။

ပြီးတော့ ညနေခြောက်နာရီ . . .။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင် ဒင်နာတစ်ခုသွားရန်ရှိသည်။

လင်းဆက် လက်ကနာရီကိုကြည့်လိုက်တော့ မနက်ကိုးနာရီ ထိုးခါနီးနေတာတွေ့ရ၏။

ထို့ကြောင့် ကြိုတင်အကြောင်းကြားရန် ဖုန်းကိုနှိပ်လိုက်ပါတော့သည်။



ဒီတစ်ခါတော့ နာမည်မေးထားလိုက်ဦးမည်ဟု ရွှေအင်ကြင်းဝေဆုံးဖြတ်လိုက်သည်။ နောက်ပြီး ထိုသူဘယ်သူလဲဆိုတာကိုလည်း သိချင်နေမိ၏။ သူမကို အခုလိုလုပ်နေတာ ဘာရည်ရွယ်ချက်လဲဆိုတာလည်း သိချင်၏။

ဒီနေ့ မိုးလင်းကတည်းက ထိုသူ့အကြောင်းပဲ ထိုင်စဉ်းစားနေမိတာအမှန်။ ထိုအချိန်မှာပင် တယ်လီဖုန်းကဝင်လာသည်။ ကြည့်လိုက်တော့ သူမကိုတစ်မနက်လုံး အတွေးတွေပေးထားသူ။

သူမ ဝမ်းသာအားရဖုန်းကိုင်လိုက်ကာ . . .

“ဟယ်လို”

“အင်ကြင်း”

“ရှင်”

ထိုလူကစပြီး အင်ကြင်းဆိုသည့်နာမ်စားနှင့် သူမကိုရင်းနှီးစွာ စတင်အသုံးပြုပြီးခေါ်၏။ သူမကလည်း ယောင်ပြီးထူးလိုက်မိသည်။ ထိုလူက ဆက်ပြောသည်။

“ဆယ်နာရီမှာ အင်ကြင်းဘုရားတက်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



သူမပြုံးလိုက်သည်။ တခြားအရာတွေမမှတ်မိရင်သာ နေမည်။ ဘုရားတက်ဖို့ကိစ္စကိုတော့ သူမ မှတ်မိနေသည်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့က သူမ မွေးနေ့၊ သူမ မွေးနေ့ဗုဒ္ဓဟူးနေ့တိုင်း သူမဘုရားတက်သည်။ ဒါကြောင့်မှတ်မိနေ၏။

"ကျွန်မသိပါတယ် . . . ဒီနေ့က ကျွန်မမွေးနေ့လေ . . . မွေးနေ့တိုင်း ကျွန်မဘုရားတက်တယ်"

"ဟုတ်လား"

"ဒါနဲ့ ရှင့်ကိုမေးရဦးမယ်"

"ဟုတ်ကဲ့ မေးပါ"

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"ဘာလို့လဲ"

"ရှင်က ကျွန်မအကြောင်းတွေသိနေတဲ့လူဆိုတော့ ရှင့်နာမည်လောက်တော့ ကျွန်မသိသင့်တယ်ထင်တာပဲ"

လင်းဆက် တစ်ချက်တွေဝေသွားသည်။ ရွှေအင်ကြင်းဝေအဆိုပြုတာမှန်တယ်ဟု သူတွေးမိ၏။ သူ့နာမည်လေးပြောလိုက်ရုံနှင့် ဘာမှဖြစ်မသွားနိုင်ပါဘူးဟု ဆက်တွေးလိုက်သည်။

"ကျွန်တော့်နာမည် တကယ်သိချင်တာလား"

"အင်း"

"လင်းဆက်ပါ"

"လင်းဆက် ဟုတ်လား"

"ဟုတ်"

"ကျွန်မ နောက်တစ်ခုထပ်မေးဦးမယ်"

"မေးပါ"

"ရှင် ကျွန်မကို ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးလုပ်တာလဲ"

လင်းဆက် ခဏတော့ငြိမ်နေလိုက်သည်။ "ချစ်လို့ပါ"ဆိုပြီး

တော်ဝင်မြို့မ စာအုပ်တိုက်



ပြောလိုက်ရင် ရိုင်းသွားမလား။

စဉ်းစား၏။

ပြောလိုက်တော့မည်ဟုစဉ်းစားသောစိတ်အစဉ်သည် ရင်ထဲက အလိုလိုက်မှုကိုမတွန်းလှန်နိုင်။ ထို့ကြောင့်

"ရွှေအင်ကြင်းဝေ"

"ရှင်"

"ကိုယ်က ဘာကြောင့် အင်ကြင်းကို ဒီလိုမျိုးလုပ်ခဲ့လဲ သိသလား"

ရွှေအင်ကြင်းဝေကလည်း ရိုးရိုးသားသားပြန်ပြော၏။

"သိဘူး"

"အင်ကြင်းကိုချစ်လို့"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံး မြူနှင်းတွေအုံ့ဆိုင်းနေသည်။ ဆောင်းရာသီသည် မြူနှင်းတွေကိုမေ့ထားတာ တော်တော်ကြာပြီ။ အမှန်တိုင်းပြောရလျှင် ခါတိုင်းနှစ်တွေမှာ ဆောင်းရာသီသည် ပီပြင်မှုမရှိ။

ယခုနှစ်ကတော့ နှင်းရနံ့တွေနှင့် သင်းပျံ့ခဲ့သောကြောင့် ဆောင်းသရုပ်ကို ပုံထုတ်ခဲ့လေပြီ။

အဝေးကနေ မြေပြင်ကိုရှပ်တိုက်၍ တိုက်ခတ်လာသော လေပြည်၌ သစ်ရွက်ခြောက်တို့ အပြေးအလွှားလိုက်ပါလာသည်။ ကောင်းကင်မှာ တိမ်တွေကင်းစင်နေသည်။

ခပ်ဝေးဝေးတောင်ကုန်းလေးပေါ်ရှိ စေတီလေးမှ ဆည်းလည်းသံသဲ့သဲ့ကိုကြားနေရ၏။ အာရုံဦးနေရောင်ခြည် ခပ်နွေးနွေးလေးရှိသည်။

ရွှေအင်ကြင်းဝေက လှော်ကားကန်စပ်မှနေ၍ သာစုကန်စေတီတော်ကို ငေးကြည့်နေမိသည်။ ပြီးတော့ လေကိုတဝရှူ၍ မှုတ်ထုတ်လိုက်သည်။

ရင်ထဲမှာနွမ်းနယ်မှုတွေ ခဏတော့ပျောက်ဆုံးသွား၏။





သူမ တစ်လတစ်ခါ သာစုကန်ဘုရားရှိ လှော်ကားကန်မှာ ငါးလာလွှတ်လေ့ရှိသည်။ ဒါကလည်း ဖေဒင်ယာတြာအရလာလွှတ်ခြင်းဖြစ်သလို သူမကိုယ်၌ကလည်း ဒီလိုကုသိုလ်ကောင်းမှုပြုလုပ်ရခြင်းကို ရင်ထဲမှာ အတိုင်းမသိကြည်နူးမိသည်။

အခုလည်း သာစုကန်စေတီကို မနက်စောစောကတည်းက ရောက်နေသည်။ ဒါ ပုံမှန် သူမရောက်နေကျအချိန်ဖြစ်၏။ တစ်နေ့လုံး အလုပ်ကိစ္စတွေနှင့်ရှုပ်နေ၍ နေ့လယ်ဘက်ကို ငါးလာလွှတ်ချိန်မရ။

ထို့ကြောင့် နေ့တစ်နေ့၏အစပိုင်း ခပ်စောစောအချိန်ကိုယူ၍ လာရ၏။ ငါးလွှတ်ပြီးသွားတော့ မပြန်ချင်သေးဘဲ ကန်စပ်တွင်ရပ်ကာ သူမ မသိသော၊ သူမ မမြင်ဖူးသော၊ သူမကို ရုတ်တရက်ချစ်တယ်ဟုပြောသွားသော လင်းဆက်ဆိုသည့် လူတစ်ယောက် ဒအကြောင်းကို စဉ်းစားနေမိပါသည်။

လင်းဆက်က သူမဘဝထဲကို တိုးဝင်ရောက်ရှိလာတာ ရက်ပိုင်းပဲရှိသေးသည်။ သို့သော် သူမစိတ်ထဲမှာ အမြဲအမှတ်ရနေအောင် လုပ်ဆောင်ခဲ့၏။

သူမ သက်ပြင်းကိုချမိသည်။ ယောကျ်ားတော်တော်များများ၏ ချစ်ခွင့်ပန်ခြင်းကို သူမခံရဖူးသည်။

သို့သော် ဒီလိုမျိုး ဆိုင်းမဆင့် ဗုံမဆင့် ရည်းစားစကားပြောသွားတာမျိုး တစ်ခါမှမကြုံဖူး။

ထိုအချိန်က သူမဘာပြန်ပြောလို့ပြောရမှန်းမသိအောင် အံ့သြသွားမိတာ အမှန်ပါ။ သူမဆီ့အသွားရသည့်အချိန်တွင် လင်းဆက်က ထိုနေ့တစ်နေ့တာ သူမလုပ်ရမည့်အလုပ်တွေကိုပြောပြသွားရင်း ဖုန်းကိုအရင်ဦးအောင်ချသွားခဲ့သည်။

ထိုနေ့တစ်နေ့လုံး သူမဆီ လင်းဆက်ဖုန်းမဆက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံးလည်း သူမရင်ထဲမှာ တစ်မျိုးကြီးဖြစ်ပြ ကျန်ခဲ့သည်။

မကျေနပ်တာလား။

ဒါမှမဟုတ် အံ့သြမိတာလား။

ဒါမှမဟုတ် ရင်ခုန်သွားတာလား။

ဘာမှန်းတော့ မသိ။

တစ်ခုခုဖြစ်ပြီးကျန်ခဲ့တာတော့ အမှန်။





"ဟင်"

ဖြိုးဝေက ဆေးလိပ်လှမ်းဖွာလိုက်ချိန်ဖြစ်၍ ထိုဆေးလိပ်က ပါးစပ်နားမရောက်ခင် လမ်းတစ်ဝက်မှာ တင်ရပ်ကာသွား၏။

ဇညားကတော့ မျက်လုံးလေးကလယ်ကလယ်နှင့် သူ့ကို ကြည့်နေရှာသည်။

"ဟုတ်တယ် . . . ငါပြောပစ်လိုက်တယ်"

ထို့နောက် သူလည်းဆေးလိပ်ဘူးထဲက ဆေးလိပ်တစ်လိပ်ကို ထုတ်ကာ ပါးစပ်မှာတပ်လိုက်၏။ ဇညားက လင်းဆက်ကိုမီးခြစ် ကမ်းပေးရင်း . . .

"မင်းဟာက ဘလိုင်းကြီးပါလား"

"ငါလည်း မတတ်နိုင်ဘူး . . . မထိန်းနိုင်တာနဲ့ ပြောပစ်လိုက်တယ်"

"ဟိုက ဘာပြောလဲ"

"ရှင် . . ဆိုတဲ့တစ်လုံးပဲ ကြားလိုက်တယ် . . . ငါလည်း သူ့ကိုပြောစရာရှိတာဆက်ပြောပြီး ဖုန်းချပစ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗညားက သူ့ခေါင်းမှ မရှိမဲ့ရှိမဲ့ဆံပင်ကို လက်နှင့်အတင်းကုပ်ကာ . . .

"ဒုက္ခပါပဲ လင်းဆက်ရာ . . . မင်းကတော့ တကယ်ပဲ"

ဖြိုးဝေကတော့ အခုချိန်ထိ စကားဝိုင်းထဲဝင်မပါသေးပေ။ အဝေးတစ်နေရာကိုကြည့်၍ တစ်စုံတစ်ခုကိုစဉ်းစားနေပုံရှိသည်။

"ဟေ့ကောင် ဖြိုး"

ဖြိုးဝေက ဗညားခေါ်သံကြား၍ လှည့်ကြည့်၏။

"မင်း ဘယ်လိုသဘောရလဲ"

"ဘာကိုလဲ"

"ဒီကောင်လုပ်ခဲ့တဲ့လုပ်ရပ်ကိုပြောတာ"

ဖြိုးဝေ ပခုံးတွန့်ပြကာ . . .

"မိုးနတ်မင်းရဲ့သဘောအတိုင်းပဲပေါ့"

"ခွီးပဲ . . . ဘယ်ကမိုးနတ်မင်းက ပါလာရတာလဲ"

"ငါ ညကကြည့်တဲ့ကားထဲမှာ တစ်ခုခုဖြစ်ရင် မိုးနတ်မင်းကို ပဲလွှဲလွှဲချနေလို့ ပြောကြည့်တာ"

ဗညားက သက်ပြင်းချကာ . . .

"ဟိုကစိတ်ဆိုးသွားမှာပေါ့"

လင်းဆက်က ခေါင်းကိုဖြည်းညင်းစွာခါပြကာ . . .

"စိတ်ဆိုးတဲ့အသံတော့ မဟုတ်လောက်ဘူးကွ . . . အံ့ဩသွားတာတော့ သေချာတယ် . . . ဒါပေမဲ့ နောက်မှတွေးမိပြီး စိတ်ဆိုးသွားရင်တော့မသိဘူး"

ဖြိုးဝေက လင်းဆက်ကိုကြည့်၍ . . .

"အခုမှတော့ ဘာမှတွေးမနေနဲ့ . . . လုပ်ပြီးတာလည်းလုပ်ပြီးခဲ့ပြီပဲ . . . ရှေ့ဆက်တိုးဖို့သာစဉ်းစား . . . နောက်ဆုတ်ဖို့ သွားတွေးရင် မင်းက ကောင်မလေးကို သွားစော်ကားသလိုဖြစ်သွားမယ်"





"အဲဒါတော့ စိတ်ချ . . . နောက်ဆုတ်ဖို့တော့ အစောကြီးကတည်းက အစီအစဉ်မရှိဘူး"

ဗညားကဝင်၍ . . .

"ဒီနေ့ရော သူ့ဆီဖုန်းဆက်ပြီးပြီလား"

"အခုထိတော့ မဆက်ရသေးဘူး . . . သူ့ကိစ္စက ညနေသုံးနာရီမှာ တစ်ခုပဲရှိတယ် . . . အဲဒီကျမှပဲ ဆက်တော့မယ်"

"အင်း . . . မင်းဆက်ရင် ဘာပြောမလဲမသိဘူးနော်"

လင်းဆက်က . . .

"အဲဒါတော့ ငါလည်းမပြောတတ်ဘူး"

"တကယ်လို့ မင်းကိုကောလွှတ်ရင် ဘယ်လိုလုပ်မလဲ"

လင်းဆက်ကပြုံး၍ . . . .

"ခံလိုက်ရုံပေါ့"

အားလုံးတိတ်ဆိတ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းမြည်သံကြားလို့ နံပါတ်တွေ့တာနှင့် သူမကပင် စပြောသည်။

"ကိုလင်းဆက်"

"ဗျာ"

"ရှင်လည်း ကျွန်မအတွက် တော်တော်ပင်ပန်းသွားပြီနော်"

"ဟို . . . ရပါတယ်"

"အခုလည်း ကျွန်မဘာလုပ်ရမယ်ဆိုတာ ညွှန်ပါဦး"

"အင်ကြင်း သုံးနာရီကျရင် ရေသန့်စက်ရုံသွားရမယ်"

သူမ ပြုံးလိုက်ကာ . . .

"ကိုလင်းဆက်"

"ဗျာ"

"တစ်ခုလောက်ကူညီပါလား"

"ဘာများလဲ"

"ကျွန်မနဲ့အတူ ရေသန့်စက်ရုံကို လိုက်ခဲ့လို့ရမလား"

လင်းဆက်ငြိမ်ကျသွား၏။ သူ့ရင်ထဲမှာလည်း နှလုံးခုန်သံက





ချက်ချင်းမြန်ကာလာသည်။

"ဘာလို့လဲဟင်"

"အကြောင်းအရာတော့ မယ်မယ်ရရမရှိပါဘူး . . . ကျွန်မကို ချစ်ခွင့်ပန်ထားတဲ့လူတစ်ယောက်က ဘယ်လိုလူမျိုးလဲဆိုတာ သိချင်တာရယ် . . . ပြီးတော့ ကိုလင်းဆက်နဲ့ အပြင်မှာတွေ့ချင်လို့ပါ"

လင်းဆက် ရုတ်တရက်တော့ ဘာပြန်ဖြေရမှန်းမသိတာ အမှန်ပါ။ ရွှေအင်ကြင်းဝေသည် ထင်ထားတာထက်ပိုပြီး သွက်လက်ရဲတင်းကာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်အဝရှိသော မိန်းကလေးတစ်ယောက်ဖြစ်မှန်း လင်းဆက်သိသွားသည်။ လျှော့တွက်လို့မရ။ သူမမှာ ဘာရည်ရွယ်ချက်တွေရှိလို့ ထိုကိစ္စကိုစီစဉ်သလဲဆိုတာကိုလည်း စဉ်းစားလို့မရပေ။

"ကိုလင်းဆက် . . . ဘာလို့ငြိမ်နေတာလဲဟင်"

"ဟို . . ဘာမှမဖြစ်ပါဘူး . . . အင်း . . . တွေ့တာတော့ ဟုတ်ပါပြီ . . . အင်ကြင်းက ကျွန်တော့်ကိုမြင်ဖူးလို့လား"

"ဩော် . . . မမြင်ဖူးလို့ တွေ့ချင်ပါတယ်ဆိုမှ"

"ဒါတော့ဟုတ်ပါတယ် . . . အင်ကြင်းက ကျွန်တော့်ကို မတွေ့ဖူးတော့ ဘယ်လိုတွေ့မလဲ"

ရွှေအင်ကြင်းဝေ ညင်သာစွာရယ်လိုက်သည်။ ပြီးမှ . . .

"ဒီကိစ္စက ဒီလောက်မခက်ခဲဘူးထင်ပါတယ် ကိုလင်းဆက်ရယ် . . . တွေ့မယ့်နေရာကိုသာ ချိန်းလိုက် . . . ကိုလင်းဆက်က ကျွန်မကိုမြင်ဖူးနေတာပဲ . . . လာခေါ်ပေါ့"

လင်းဆက် ပြုံးမိသည်။

"အင်ကြင်း"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ နောက်မှတွေ့ကြမယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"အင်း . . . ဘယ်လိုပြောရမလဲ. . . ကျွန်တော် အင်ကြင်းကိုတွေ့ဖို့ သတ္တိမွေးလိုက်ဦးမယ်. . . ပွင့်ပွင့်လင်းလင်းပြောရရင် အခုမတွေ့ရဲသေးလို့ပါ"

ရွှေအင်ကြင်းဝေ ညင်သာစွာရယ်လိုက်သည်။ ပြီးမှ . . .

"ရည်းစားစကားပြောတုန်းကတော့ သတ္တိမွေးစရာမလိုဘူးလား"

"အဲ. . အဲဒါကတော့ သူ့အလိုလိုပြောဖြစ်သွားတာပါ. . . အမှန်အတိုင်းပြောရရင် ဖုန်းထဲမှာဖြစ်နေလို့ပါ . . . ဟို . . လူချင်းတွေ့ပြီးတော့ပြောဆိုရင် ကျွန်တော်ပြောရဲမှာမဟုတ်ပါဘူး"

"ထားပါတော့ . . . ဒါဆို ကိုလင်းဆက်က ကျွန်မကို မတွေ့ရဲဘူးပေါ့"

လင်းဆက် ခဏတော့တုံ့ဆိုင်းသွားပြီးမှ . . .

"ဟုတ်ကဲ့ . . ဒါပေမဲ့ ကျွန်တော်က အမြဲတမ်း ရွှေအင်ကြင်းဝေရဲ့အနားမှာ ရှိနေမှာပါ"

သူမပြုံးလိုက်သည်။ ပြီးမှ . . .

"ဒါဆိုလည်း ကျေးဇူးပါပဲ. . . နောက်မှတွေ့မယ်. . . ဒါပဲနော်"

သူမဖုန်းချလိုက်သည်။ ပြီးမှ နှုတ်ခမ်းတစ်ချက်တွန့်ကာ ပြုံးလိုက်၏။

ထိုအပြုံးမှာ ညဏ်နီညဏ်နက်အရိပ်အရောင်လေးတွေပါသည်။

ဘာလဲဆိုတာကိုတော့ . . .



"မင်းကို ကောင်မလေးဘက်ကတွေ့မယ်ဆိုတာတောင် မင်းက ဘာလို့သွားမတွေ့ရတာလဲ"

ဗညား၏အမေးစကားကို သူချက်ချင်းပြန်မဖြေမိ။ ခဏကြာတော့ တွေးတွေးဆဆလုပ်ကာ ပြန်ဖြေမိသည်။

"ငါ့စိတ်ထဲမှာ သူ့ကိုသွားတွေ့ဖို့ ရင်လေးနေမိတယ် . . . အဲဒါဘာလို့လဲတော့မသိဘူး"

"ဘာဖြစ်လို့လဲ"

"ငါမသိဘူး . . . တွေ့ရမှာကြောက်နေသလိုပဲ . . . ပြီးတော့ ရွှေအင်ကြင်းဝေကို ငါလျှော့မတွက်ရဲဘူး"

"ဘာဆိုင်လို့လဲကွာ . . . မင်း ရည်းစားစကားတောင် သူ့ကိုပြောပြီးပြီပဲ . . . အခုချိန်သွားတွေ့သင့်ပြီ"

"မင်းပြောတာ မှန်တော့မှန်ပါတယ် . . . နောက်တော့ သွားတွေ့တာပေါ့ . . . အခုတော့ မတွေ့နိုင်သေးဘူး"

ဗညားက သက်ပြင်းကိုချသည်။ ပြီးတော့ ဖြိုးဝေကိုလှည့်ကြည့်၏။ ဖြိုးဝေက ခေါင်းခါပြလိုက်တော့ ဗညားကလည်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခါသည်။ ထို့နောက် သူတို့စကားဝိုင်းလေးသည် ခေတ္တတိတ်ဆိတ်ကာသွား၏။

လင်းဆက်က ဘာရယ်မဟုတ်ဘဲ ရွှေအင်ကြင်းဝေ၏ဒိုင်ယာရီကို ဟိုလှန်ဒီလှန်လုပ်နေသည်။ ပြီးတော့ သူ့လုပ်ရပ်တွေကို မှားသလား၊ မှန်သလားစဉ်းစားကြည့်မိ၏။ နည်းနည်းတရားလွန်တယ်ဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုယ်သဘောပေါက်မိ၏။

တွေ့တာမှ တစ်ရက်ပဲရှိသေးသည်။ နောက်တစ်ရက်မှာပေါ်တင်ကြီးရည်းစားစကားပြောပစ်လိုက်သည်။ ထိုကိစ္စကတော့ အခွင့်အရေးယူရာကျလွန်းသည်ဟု ကိုယ့်ကိုယ်ကိုယ်ထင်မိ၏။ သူမက ကိုယ့်အပေါ် ဒိုင်ယာရီစာအုပ်ကောက်ရထားသည့်အတွက် စကားလက်ခံပြောတာကို အခွင့်အရေးယူပြီး ချက်ချင်းကြီး ကိုယ့်ဆန္ဒကိုယ်အကောင်အထည်ဖော်မိသည့်အတွက် ရင်ထဲမှာအပြစ်မကင်းဘူးဟု ခံစားမိ၏။

ထို့ကြောင့် သူမက တွေ့ဖို့တောင်းဆိုတာကို ငြင်းလိုက်မိသည် ထင်သည်။

အမှန်တော့ သူ့ဘက်ကချစ်နေရသည့်အချိန်တွေကြာပြီဆိုတာကို လင်းဆက်သဘောမပေါက်မိ၍ ဖြစ်၏။ သူ့အတွက် သူမနှင့်တွေ့ဆုံမှုသည် တစ်ရက်တည်းမဟုတ်။ သူ့ဘက်က သူမကိုစတင်တွေ့ရှိခဲ့တာ လွန်ခဲ့သည့်နှစ်လလောက်ကတည်းက. . ။

ထိုနေ့က မိုးတွေသဲကြီးမဲကြီးရွာနေသည်။ ထိုနေ့က သူ့မှာကားပါမလာခဲ့။ သူငယ်ချင်းတစ်ယောက်အိမ်ကနေ အိမ်ဘက်သို့လမ်းလျှောက်ကာပြန်လာခဲ့၏။ သူငယ်ချင်းအိမ်ကထွက်လာတုန်းကတော့ ရာသီဥတုက ပုံမှန်သာယာလျက်ရှိသောကြောင့် ထီးယူမလာဘဲထွက်လာခဲ့လိုက်၏။ သူငယ်ချင်းအိမ်ကလည်း သူ့အိမ်နှင့်မနီးမဝေး နာရီဝက်နီးပါးလောက် ပုံမှန်ခြေလှမ်းနှင့်လျှောက်လျှင် ရောက်ပြီ။





ထို့ကြောင့် သူအေးအေးဆေးဆေးလျှောက်လာခဲ့၏။ လမ်းထက်ဝက်ရောက်တော့ မိုးက ရုတ်တရက်ရွာချလိုက်သည်။ တော်တော်သည်း၏။ ညနေ နေဝင်ရီတရောဖြစ်သောကြောင့် ချက်ချင်းမိုးမှောင်တွေကျသွား၍ ပတ်ဝန်းကျင်သည် မှောင်မဲတိတ်ဆိတ်ကာသွားသည်။ မိုးသံလေသံနှင့် အပင်တို့ယိမ်းထိုးလှုပ်ခတ်နေသံများမှလွဲ၍ အရာရာသည်လှုပ်ရှားမှုမရှိ။

သူအိမ်သို့ ခပ်သွက်သွက်လျှောက်လာစဉ် ကားအဖြူရောင်တစ်စီး လမ်းဘေးနားမှာထိုးရပ်နေတာတွေ့ရ၍ ဘာရယ်မဟုတ်အေးချမ်းသလိုကြည့်မိသည်။

ထိုစဉ် ကားထဲမှကောင်မလေးတစ်ယောက် ထီးဆောင်းကာထွက်လာခဲ့သည်။ သူ့ကိုတွေ့တော့ ခပ်သွက်သွက်လျှောက်လာ၍. .

"ဒီမှာရှင့်. . . ကျွန်မကို တစ်ခုလောက်ကူညီပါလား"

သူက

"ဘာဖြစ်လို့လဲ"

"ကားဘီးပေါက်သွားလို့. . . ကျွန်မလည်း ဘာမှမလုပ်တတ်ဘူး. . . အဲဒါ. . ."

သူသဘောပေါက်လိုက်ပြီ။ မိုးမှောင်မှောင် ညအရောင်မှာကောင်မလေးတစ်ယောက်၏ အကူအညီတောင်းခံမှုကို ဘယ်လိုငြင်းဆန်မလဲ။ ထိုအချိန်မှာ 'လုပ်မပေးနိုင်ဘူးဗျာ'ဟု ငြင်းဆန်၍ထွက်သွားနိုင်သည့်သတ္တိ သူ့မှာမရှိ။

ပြီးတော့ လူပြတ်သည်။ သူလှည့်ထွက်ခဲ့ရင် နောက်လူတစ်ယောက်ရှာတွေ့ဖို့ဆိုတာ ခဲယဉ်းနိုင်သည်။ ပြီးတော့ တွေ့သည့်လူတ လူကောင်းဆိုတော်သေး၏။ အမှုးသမား လူရမ်းကားတစ်ယောက်ဖြစ်နေလျှင် မလွယ်။

သူ့အတွေးမဆုံးခင်မှာပင် ကောင်မလေး၏မျက်နှာ ပြုံးယောင်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကိုတွေ့လိုက်ရ၍ သူခေါင်းညိတ်ပြလိုက်သည်ဆိုတာကို အတွေးထဲရောက်လာ၏။

"ကျေးဇူးပဲ. . . ကျွန်မမှာ အပိုဘီးပါပါတယ်. . . ပြီးတော့ ပစ္စည်းဥစ္စာတွေလည်း အကုန်ပါတယ်"

နောက်ဖုံးကိုဖွင့်၍ လိုအပ်တာတွေယူကာ ဘီးအပိုကိုဖြုတ်ပြီးတပ်ပေးလိုက်သည်။ ဘီးတပ်ပြီးသွားတော့ ကောင်မလေးက

"ကျေးဇူးအရမ်းတင်တာပဲ . . . ကျွန်မဒုက္ခပေးတာနဲ့ ပင်ပန်းသွားပြီထင်တယ် . . . ဒါနဲ့ ဘယ်မှာနေတာလဲဟင် . . . ကျွန်မလိုက်ပို့ပေးမယ်လေ"

"ရပါတယ်. . . ကျွန်တော်က ဒီနားလေးတင်ပါ"

"ဟာ . . . မဟုတ်တာ. . . ကျွန်မပို့ပေးပါ့မယ်. . . မိုးတွေဒီလောက်ရွာနေတာ"

"ရတယ် ကိစ္စမရှိပါဘူး . . . ကျွန်တော့်တစ်ကိုယ်လုံး စိုရွှဲနေတယ် . . . ကားစီးရမှာ အားနာလို့"

"ရပါတယ် . . . ပြီးမှ ခုံကိုအပူပေးပြီးခြောက်လိုက်ရင် ရတာပဲ"

ထိုအချိန်မှာပင် တက္ကစီတစ်စီး ဘေးနားရောက်လာသည်။ သူတားလိုက်ပြီး . . .

"ကားအားလား"

"အားတယ် ညီလေး"

သူမဘက်လှည့်ကြည့်လိုက်ကာ . . .

"ကျွန်တော် ဒီကားနဲ့ပဲသွားတော့မယ်"

သူမပြုံးပြရင်း . . .

"အဆင်ပြေရင် ပြီးတာပါပဲ"

သူ ကားပေါ်တက်မည်အလုပ် တစ်ခုသတိရသွားကာ . . .





"နာမည်ဘယ်လိုခေါ်လဲ"

မိုးသံတွေဆူညံနေ၍ သူ့အသံက သိပ်မသဲကွဲ။ ထို့ကြောင့် ကောင်မလေးက မကြားလိုက်ဟန်ဖြင့် . . . .

"ရှင်"

"ဪ. . . နာမည် ဘယ်လိုခေါ်လို့မေးတာပါ"

သူမ မဆိုင်းမတွပင် . . . .

"ရွှေအင်ကြင်းဝေပါ"

လင်းဆက် သေချာစွာမှတ်သားထားလိုက်ပြီး လက်ပြလိုက်ကာ . . .

"နောက်လည်းတွေ့ရင် ခေါ်ပါ"

ပြောပြီး ကားကိုမောင်းထွက်ခိုင်းလိုက်တော့သည်။

သူမကားနှင့် ခပ်လှမ်းလှမ်းရောက်သွားမှ ကားဆရာကိုပြန်ဆွဲခိုင်းလိုက်ကာ . . .

"အဲဒီကောင်မလေး ကားနောက်ကို လိုက်ကြည့်ပေးပါ အစ်ကို"

ကားဆရာက အဓိပ္ပာယ်ပါပါတစ်ချက်ပြုံးလိုက်ကာ . . .

"ဒါမျိုး သိပ်ကူညီတာပေါ့ဗျာ"

ဟု ခပ်ရွှတ်ရွှတ်တစ်ချက်ပြောပြီး သူမကားနောက်က ခပ်ခွာခွာလိုက်ပေး၏။ ထိုနေ့တွင် သူမအိမ်ဟုထင်ရသော လိပ်စာတစ်ခုကို သူရရှိခဲ့သည်။

နာမည်က ရွှေအင်ကြင်းဝေ။

ထိုနေ့မှစပြီး သူမမျက်နှာလေးကို သူမေ့မရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူဘက်ကငြိမ်ကျသွားသည်ကိုတွေ့ရ၍ သူငယ်ချင်းများက သူ့ကိုမေးသည်။ သူ ထိုအကြောင်းကို ဗညားတို့၊ ဖြိုးဝေတို့အား ပြော မပြမိခဲ့။ အခုတော့ ပြောသင့်သည်ထင်၍ပြောပြလိုက်တော့

"ဩော် . . . လက်စသတ်တော့ မင်းကအရင်ကတည်းက ဇာတ်လမ်းရှိတာကိုး"

လင်းဆက် ခေါင်းညိတ်ပြလိုက်၏။ ဖြိုးဝေက . . .

"မင်းက ငါတို့ကိုဘာလို့မပြောတာလဲ"

"ငါ အဲဒီတုန်းကပြောပြမလို့ကွ . . . ဒါပေမဲ့ ဘာမှဖြစ်မ လာသေးတော့ မပြောဖြစ်သေးတာပါ"

"အဲဒီနောက် မင်းဆက်ကြိုးစားလား"

လင်းဆက် ခေါင်းညိတ်ပြကာ . . . .

"ကြိုးစားတာပေါ့. . . သူ့အိမ်ရှေ့ကို နောက်နေ့တွေ ငါသွား စောင့်တယ် . . . သူနောက်က နောက်ယောင်ခံပြီးလိုက်တယ် . . . အဲဒီမှာတင် သူ့ရဲ့အခြေအနေကို ငါသိခဲ့ရတယ် . . . မာနကြီးတယ် . . . ဘယ်ယောကျ်ားလေးကိုမှ သိပ်အရေးတဝင်မရှိဘူး . . . ပြီး





တော့ သူ့ရဲ့အလှအပအတွက် သူ့ရင်ထဲမှာ ယုံကြည်မှုအမြဲရှိတယ်"

"ဒါနဲ့ပဲ မင်းကကြောက်လန့်ပြီး စစ်မရောက်ခင် မြားကုန်ပြီး ပြန်ခဲ့တာပေါ့. . . ဟုတ်လား"

လင်းဆက် ခေါင်းခါပြကာ . . .

"ငါကလည်း တော်ရုံတန်ရုံလက်လျှော့ အရှုံးပေးတတ်တဲ့လူ မဟုတ်ဘူးဆိုတာ မင်းတို့လည်းသိတာပဲ. . . ဒါပေမဲ့ မင်းတို့စဉ်းစား ကြည့်. . . မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက် ချဉ်းကပ်ဖို့ဆိုတာ အနည်းဆုံးဆုံတွေ့နိုင်မှုအခွင့်အရေးလေးတစ်ခု ဒါမှမဟုတ် ဖုန်းနဲ့ပဲဖြစ်ဖြစ် စကားပြောခွင့်ရမယ့်အခွင့်အလမ်းလေး တစ်ခုတော့ လိုတယ်. . . အဲဒီလိုအခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ ငါ သူ့ဆီကတစ်ခုမှမရခဲ့ဘူး"

"ဘယ်လိုမရခဲ့တာလဲ"

ဗညားက စကားထောက်သည်။

"ဘယ်လိုမရခဲ့တာလဲဆိုတော့. . . သူ့ဘဝမှာ ကုမ္ပဏီနဲ့အိမ် . . . ပြီးတော့ သူ့အလုပ်ကိစ္စတွေ၊ လူမှုရေးကိစ္စတွေနဲ့ပဲ တစ်နေ့ တစ်နေ့ အလုပ်ရှုပ်နေတယ် . . . ငါက ဘယ်အချိန် သူ့နားကိုချဉ်း ကပ်ရမလဲ"

ဗညားနှင့်ဖြိုးဝေက တွေးတွေးဆဆလုပ်၍ခေါင်းညိတ်ပြ သည်။

"ငါ သူ့နောက်ကနေပြီး အရိပ်လိုတကောက်ကောက်လိုက်ခဲ့ တယ်. . . မရှိဘူးဆို တစ်ပတ်လောက်ရှိမယ်. . . သူ့မျက်နှာလေးကို အဝေးကမြင်ရရုံအပြင် ဘာမှထူးခြားမလာဘူး. . . တစ်ခါတလေ အပြင်ထွက်ပြီးမုန့်စားတော့လည်း သူ့ဘေးနားမှာ သူ့တပည့်လိုလို၊ ဧကြာထရီလိုလို အမျိုးသမီးက နှစ်ယောက်သုံးယောက်ရှိတယ်. . . အဲဒါတင်ကြီးသွားပြီးမိတ်ဖွဲ့ရလောက်အောင်တော့ ငါမကြောင်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ. . . ငါ့ကို ဘာလာကြောင်တာလဲဆိုပြီး စကားတောင်အဖက်လုပ်ပြန်ပြောမှာမဟုတ်ဘူး”

ဗညားက တစ်စုံတစ်ခုကိုစဉ်းစားလိုက်ကာ . . .

“ဒါဆို မင်းကဘာလို့ သူနဲ့စတွေ့တဲ့နေ့မှာ ကားပေါ်တက်ပြီး လိုက်မသွားလဲ”

လင်းဆက်ပြုံးလိုက်၍ . . .

“မင်းတို့မြဲမြဲမှတ်ထား. . . ရွှေအင်ကြင်းဝေဆိုတဲ့အမျိုးသမီးက အဲဒီနေ့က ငါသူ့ကိုကူညီလိုက်လို့ ကျေးဇူးဆပ်တဲ့အနေနဲ့ လိုက်ပို့တာ. . . သူ့အကြောင်း ငါစုံစမ်းရင်း နောက်မှသိတယ် . . . သူက သူတစ်ပါးအပေါ် ကျေးဇူးတင်နေရမယ့်အလုပ်မျိုး လုံးဝမလုပ်ဘူး . . . တင်နေရင်လည်း ချက်ချင်းပြန်ဆပ်တတ်တယ်”

“ဒါနဲ့ မင်းကို ဟိုနေ့ကတွေ့မယ်ဆိုတာကရော”

“ဟား ဟား. . . ရှင်းနေတာပဲ. . . သူ ငါ့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သိအောင်လုပ်ပြီး သူ့အပေါ်ငါကစိုးမိုးနေသလို ငါ့အပေါ်လည်း သူကပြန်ပြီးစိုးမိုးမလို့ပဲ. . . သူ့နှုတ်ဖျားလေးက ချိုသာနေတာတွေက နားထောင်လို့အရမ်းကောင်းပါတယ်. . . ဒါပေမဲ့ ရင်ထဲမှာ မပါသေးပါဘူး. . . ငါက သူ့ရင်ဘတ်ထဲမှာ ငါ့အပေါ်ပြောလိုက်တဲ့ စကားတိုင်းကို စိတ်ပါနေအောင်လုပ်ချင်တာ”

ဖြိုးဝေက ခေါင်းကိုကုပ်သည်။

“မင်းကိစ္စကလဲကွာ. . . တကယ်ချစ်တာမှဟုတ်ရဲ့လား. . . သူ့အပေါ် မင်းကအနိုင်လိုချင်တာလား”

လင်းဆက် ဖြိုးဝေကိုကြည့်လိုက်၍ . . . .

“ငါက သူ့ဆီကအချစ်ကိုလိုချင်တာ”

“မင်း သူ့ကိုရော တကယ်ချစ်မချစ် ကိုယ့်ကိုယ်ကိုယ်ပြန်ဆန်းစစ်ပြီးပြီလား”





“ငါ သူ့ကိုတကယ်မချစ်ဘူးဆိုရင် ဒီလောက်အပင်ပန်းခံမနေဘူး ဖြိုးဝေ . . . မယုံရင် မင်းတို့စောင့်ကြည့် . . . ဒီ့ထက် အံ့သြသွားရမယ့်ဖြစ်ရပ်တွေ မင်းတို့ထပ်တွေ့ရလိမ့်မယ်”

နှစ်ယောက်စလုံး သက်ပြင်းချလိုက်သည်။ ဘာစကားမှဆက်မပြောတော့ပေ။ ပြောလည်း ဒီမယားတစ်ရူးက ထူးလာမှမဟုတ်ဘူးဟု ဗညားရော၊ ဖြိုးဝေပါ တွေးလိုက်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာသည်။ ကိုင်လိုက်၏။

ပတ်သက်ခဲ့ဖူးတာ တစ်ရက်နှစ်ရက်ပဲရှိသေးပေမယ့် အမှတ်ရနေသော ဖုန်းတစ်လုံးဖြစ်သည်။

ပြန်တွေးရင် တော်တော်လေးတော့ ခံပြင်းစရာကောင်းသည်။

လူမသိရဘဲ ရည်းစားစကားအပြောခံရတာ ဒီတစ်ခါပဲကြုံဖူးသေးသည်။ သူမဘဝမှာ ချစ်တယ်လို့ပြောခံရတာ အကြိမ်ပေါင်းများစွာကြုံဖူး၏။

ပထမအစီအစဉ်အနေနှင့် သူမက သူတို့ကိုသတိထားမိလာအောင်လုပ်တတ်ကြသည်။ ပြီးတော့ ကိုယ့်မှာပိုင်သမျှဂုဏ်ဒြပ်အမျိုးမျိုးကို ပုံဖော်ကာ ပြောင်ပြောင်တင်းတင်းချဉ်းကပ်လာသည်။ သူမနှင့် ရင်းနှီးမှုအတော်အတန်ရှိလာတော့မှ 'ချစ်တယ်' ဆိုသည့်စကားကို ပြောလာတတ်ကြ၏။

ဒါကလည်း သဘာဝကျပါသည်။ ပြီးတော့ အစဉ်အလာမပျက်ပြုလုပ်ခဲ့သည့် ချစ်သမိုင်းကြောင်း ကြိုးစားမှုလေးလည်း





ဖြစ်သည်ဟုထင်၏။

အခု 'လင်းဆက်'ဆိုသည့်လူနှင့်မှ ထိုသမိုင်းက ဘာဖြစ်သွားမှန်းမသိ။

ဒီနေ့ဖုန်းပြောသည်။

နောက်နေ့ ဘာမဆိုင်ညာမဆိုင် ရည်းစားစကားပြောသွား၏။

ပြီးတော့ အထူးဆန်းဆုံးက . . .

သူက တွေ့ရအောင်ဟု စပြောသည်ကိုပင် ဒင်းကနောက်မှ တွေ့ရအောင်တဲ့။

သူမ လုံးဝထင်မထား။

သူမဘက်က ဒီလိုစတင်ဖိတ်ခေါ်မှုမျိုးသည် လုပ်ငန်းကိစ္စများမှလွဲ၍ ပုဂ္ဂလိကဖိတ်ခေါ်မှုမျိုးသည် ဒီတစ်ခါပထမဆုံးဖြစ်၏။

သူစိမ်းယောကျ်ားတစ်ယောက်အပေါ် စတင်ဖိတ်ခေါ်မိသည့်နေ့မှာပင် ငြင်းပယ်ခြင်းကို စတင်ခံခဲ့ရသည်။

သူမကရော တကယ်တွေ့ချင်ခဲ့တာလား။

ထိုမေးခွန်းက ကိုယ့်ဘာသာကိုယ် ပြန်မေးမိသည့်မေးခွန်းတစ်ခု။

အမှန်အတိုင်းဖြေရလျှင် တွေ့ချင်တာ မတွေ့ချင်တာထက် လင်းဆက်ဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲဆိုပြီး လေ့လာချင်တာဖြစ်၏။ နေ့တိုင်းလိုလို သူမဆီဆက်ပြီး သူမလှုပ်ရှားရမည့်အရေးကြီးကိစ္စရပ်များကို တယ်လီဖုန်းဆက်ကာ ပြောဆိုတော့မည့်လူသည် ဘယ်လိုအတန်းအစားမျိုး၊ ဘယ်လိုအရည်အချင်းမျိုး၊ ဘယ်လိုအလုပ်မျိုးကို ပိုင်ဆိုင်ထားကြောင်း သိချင်တာအမှန်။ ပြီးတော့ လင်းဆက်ဆိုသည့်လူ ပြောပုံအရ သူမကိုသိနေသည့်ပုံ။ ထို့ကြောင့် သူမဘက်ကသာ အခုလို လိုလိုလားလားဖိတ်ခေါ်ခဲ့လျှင် မငြင်းဘဲ ချက်ချင်းလက်ခံမည်ဟု သူမ တစ်ထစ်ချတွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ထိုအတွေးကလွဲချော်ခဲ့ပြီ။

သူမသက်ပြင်းချရင်း တယ်လီဖုန်းကိုကိုင်လိုက်ကာ . . .

"ပြောပါဦး . . . ကျွန်မကိစ္စလေး"

ဟိုဘက်ကတည်ငြိမ်သောအသံနှင့် . . .

"ဒီနေ့တော့ တစ်ခုပဲရှိတယ်"

"အင်း . . . ဘာလဲ"

"ပဲခူးသွားရမယ်လို့ ရေးထားတယ်"

သူမ မျက်မှောင်ကြုတ်ကာသွားသည်။

"နောက် ဘာဆက်ရေးထားသေးလဲ"

"ဘာမှတော့ဆက်ရေးမထားဘူး . . . အဲဒါပဲရေးထားတယ်"

သူမတစ်ချက်စဉ်းစားလိုက်ပြီးမှ . . .

"ဘယ်နှနာရီလို့ရေးထားလဲ"

"အဲဒါလည်း ရေးမထားဘူး"

သူမတွေဝေကာသွားသည်။ ထိုသို့တွေဝေနေစဉ်မှာပင် တစ်ဖက်ကဆက်ပြီး

"ခရီးကဝေးတော့ တစ်ယောက်တည်းမသွားပါနဲ့ . . အဖော်ခေါ်သွားနော်"

သူမ သတိပြန်ဝင်လာကာ . . .

"ဒါနဲ့ . . . အဲဒါပဲရေးထားတယ်ဆိုတာ တကယ်လား"

"တကယ်ပါ . . . အဲဒါပဲရေးထားတယ်"

သူမသက်ပြင်းချရင်း . . .

"အင်း ဟုတ်ပါပြီ . . . ကျွန်မက အချိန်နဲ့ကိစ္စကိုမေ့ပြီး မရေးမိလိုက်ဘူးထင်တယ် . . . ထားလိုက်ပါတော့ . . . နည်းနည်း ပြန်စဉ်းစားရင် ထွက်လာမှာပါ"

"ကျွန်တော် အင်ကြင်းကိုတစ်ခုလောက်မေးချင်တယ် . . .





ခွင့်ပြုမလား"

"ရပါတယ် . . . မေးပါ . . . ဖြေလို့ရတဲ့ဟာဆို ဖြေပေးပါ့မယ်"

"တခြားဟာတော့မဟုတ်ပါဘူး . . . အင်ကြင်းက ဘာလို့ သတိမေ့တတ်တာလဲဟင်"

သူမခဏလောက် တုန့်ဆိုင်းဆိုင်းဖြစ်သွားပြီးမှ . . .

"အင်း . . . ကျွန်မသတိမေ့တတ်တာက အလွန်အကျွံ တော့ မဟုတ်ပါဘူး . . . ဒါပေမဲ့ သာမန်သတိမေ့တတ်တာထက် တော့ ပိုတာပေါ့လေ . . . အဲ . . ဒါပေမဲ့ အခုလိုအလုပ်တွေနဲ့ပတ် သက်လာတဲ့ဟာမျိုးကျတော့ စနစ်တကျဖြစ်နေအောင်ပါ . . . ဒီနောက်ဆိုတာက မွေးလာကတည်းက မှတ်ရတာတွေများလွန်း တော့ တစ်ခါတလေချို့ယွင်းတတ်သလားလို့"

လင်းဆက် ခပ်ညှင်းညှင်းရယ်လိုက်ကာ . . .

"အင်းပေါ့လေ . . . အခုလိုတိတိကျကျဖြစ်အောင် မှတ်သား ထားတောင်မှ ဒီနေ့ကိစ္စလွဲချော်မှုလေးရှိခဲ့သေးတာပဲ"

လင်းဆက်စကားကြောင့် ရွှေအင်ကြင်းဝေ မျက်မှောင် ကြုတ်သွားကာ . . .

"ဘာကိုဆိုလိုတာလဲ ကိုလင်းဆက်"

"ဪ . . . ပဲခူးသွားရန်ရှိသည်ပဲရေးထားတယ် . . . အချိန်နဲ့အလုပ်ကိစ္စ ရေးမထားလို့ပါ"

သူမရင်ထဲမှာ လင်းဆက်စကားကြောင့် နည်းနည်းတော့ ခံပြင်းကာသွား၏။ သို့သော် ဟိုဘက်က သူမကိုခပ်ချိုချိုလေးနှင့် ပြက်ကွပ်သွား၍ သူမကလည်း ပညာရှိအမျက် အပြင်မထွက်ဆိုသည့် အတိုင်း

"ဒါကြောင့် ကျွန်မက ဒိုင်ယာရီဆောင်ထားတာလေ . . .



www.burmeseclassic.com

အင်း . . . အခုလို ကိုလင်းဆက်ပြောသလို ဒိုင်ယာရီထဲမှာတောင် အကြောင်းအရာပြည့်စုံအောင်ရေးဖို့ လိုအပ်နေပြီဆိုရင် နောက် တစ်နည်းကြံရဦးမှာပေါ့"

လင်းဆက်ခပ်သောသောလေးရယ်လိုက်ရင်း . . . .

"ဘယ်လိုနည်းမျိုးလဲ"

သူမ ချက်ချင်းပင်ပြန်၍ . . . .

"အခု ကိုလင်းဆက် ကျွန်မကိုနေ့တိုင်းဖုန်းဆက်ပြီး ကိစ္စတွေ သတိပေးနေသလို . . . နောက်ဆို ကျွန်မရဲ့ဒိုင်ယာရီကိုမှတ်ခိုင်းပြီး ကိုလင်းဆက်လို ကျွန်မကိုနေ့စဉ်အသိပေးနိုင်မယ့် တပည့်တစ် ယောက်လောက် ခန့်ထားလိုက်မလို့ပါ"

လင်းဆက်ရင်ထဲ 'အင့်'ခနဲ နင်ကာသွား၏။ နေရင်းထိုင်ရင်း သူမှာ တပည့်ကြီးလုံးလုံးတောင်ဖြစ်သွားရပြီ။ ရွှေအင်ကြင်းဝေကို လိုအပ်တာထက်ပို၍ သတိထားရမည့်မှန်း သဘောပေါက်ကာသွားပါ သည်။

လင်းဆက် သူမစကားကို အရေးမထားသလို ခပ်သော သော တစ်ချက်ရယ်ပြကာ . . .

"ဟုတ်တယ် . . . ဟုတ်တယ် . . . မြန်မြန်သာအကောင် အထည်ဖော်လိုက် . . . အဲဒါအကောင်းဆုံးပဲ . . . ဟား ဟား"

ရယ်သာရယ်လိုက်ရသည်။ ရင်ထဲမှာ နင်တင်တင်ကြီး။

ထို့နောက် သူမနှုတ်ဆက်ပြီး ဖုန်းချသွားတော့၏။ လင်းဆက် ကတော့ သက်ပြင်းသာချကာ ခေါင်းခါရင်းကျန်ခဲ့ပါတော့သည်။





တွေးလေ အဖြေကပေါ်မလာလေပင်ဖြစ်သည်။ ပဲခူးမှာ တော့ သူမတို့ရင်းနှီးမြှုပ်နှံထားသော သရက်ခြံတွေရှိ၏။ သို့သော် ထိုခြံ များသို့လည်း အမြဲတမ်းသွားနေစရာမလို။

အခုတော့ ပဲခူးသွားမည်ဟု သူမဒိုင်ယာရီမှာရေးထားသည် ပဲ။

သူမ သက်ပြင်းကိုချသည်။ သွားတော့သွားရမည်။ သရက် ခြံကိစ္စပဲဖြစ်လိမ့်မည်။ ထို့ကြောင့် ဘယ်အချိန်သွားသွားရ၍ အချိန် ည့်ရေးမထားခြင်းပင်ဖြစ်လိမ့်မည်ဟု တွေးကာ လူခေါ်ခေါင်း လောင်းကိုနှိပ်လိုက်ပါတော့သည်။

ရှုံးအကူကောင်လေးတစ်ယောက်ဝင်လာ၍ . . .

"ဘာကိစ္စများလဲ မမ"

"အေးမွန် ခဏလာခေါ်ပေးကွယ်"

ကောင်လေးထွက်သွားပြီးမကြာမီ အေးမွန်ရောက်လာ၏။ သူမက . . .

"ညနေ ငါနဲ့ပဲခူးခဏလိုက်ခဲ့ရမယ် . . . ဟိုမှာ ကိစ္စရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်သင့်အိပ်ရမယ်. . . အဲဒါ အိမ်ကိုဖုန်းဆက်ထား"

အေးမွန်သဘောပေါက်စွာ ဘာမှမပြောတော့ဘဲ ခေါင်းညိတ်ပြကာ ထွက်သွားလေတော့သည်။

သူမအိမ်ကိုဖုန်းဆက်လိုက်ပြီး . . .

"မေမေ သမီးညနေပဲခူးသွားရမယ်. . . အဲဒါ အိမ်ကိုခဏဝင်ပြီး အဝတ်အစားတစ်စုံလောက်ဝင်ယူမလို့"

"အေး အေး. . . ဒါနဲ့ ပဲခူးကသရက်ခြံကိစ္စလား"

"ဟုတ်ကဲ့"

"ဟိုနေ့ကတောင် သရက်ခြံကဖုန်းဝင်သေးတယ်"

"ဟုတ်လား. . . ဘာပြောလဲ"

"ထွေထွေထူးထူးတော့ ဘာမှမပြောဘူး . . . အဆင်ပြေတယ်လို့တော့ ပြောတယ် . . . ဒါပေမဲ့ သမီးကိုတောင် သူတို့ကမလာတာ ကြာပြီလို့ပြောသွားသေးတယ်"

သူမ ခေါင်းတညိတ်ညိတ်လုပ်ကာ . . . .

"ဟုတ် . . . ဟိုရောက်တော့ လိုအပ်တာ လုပ်ပေးလိုက်မယ် . . . မရောက်တာလည်းကြာပြီလေ"

"အေး အေး"

သူမအမေ ဖုန်းချသွားတော့ အိမ်ပြန်ဖို့ပြင်ဆင်သည်။ အေးမွန်သူမအခန်းထဲဝင်လာသည်။ အေးမွန်ကိုတွေ့မှ . . . .

"နင်အိမ်ပြန်အဝတ်အစားယူချင်သေးလား"

အေးမွန် မျက်နှာမကောင်း။

"ဟဲ့ . . . ငါမေးနေတယ်လေ"

အေးမွန်က

"မမ - ကျွန်မအမေ သွေးတိုးပြီးမူးလဲလို့တဲ့. . . အဲဒါ"

အေးမွန်စကားကို ဆက်မပြောဘဲ သူမကိုမျက်နှာငယ်လေး





နှင့်ကြည့်သည်။

သူမသဘောပေါက်လိုက်သည်။

"ဒါဆိုလည်း မလိုက်နဲ့တော့လေ . . . အန်တီကို သေသေချာချာပြုစုလိုက် . . . ကဲ ကဲ . . . အချိန်မရှိဘူး . . . ငါသွားတော့မယ်"

ပြောပြီး သူမထွက်မည်လုပ်၍ . . .

"မမ . . . ကျွန်မအစား တစ်ယောက်ယောက်ခေါ်သွားပါလား"

"နေပါစေတော့ . . . ပဲခူးလောက်သွားတာပဲ . . . ပြဿနာမရှိပါဘူး . . . ငါသွားနေကျပါ"

အေးမွန် ဘာမှဆက်မပြောတော့ဘဲ ခေါင်းပဲညိတ်ပြလိုက်တော့သည်။

သူမ ကားသော့ကိုင်ကာ ထွက်လာခဲ့လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဝေနှင့်ပညားက လင်းဆက်ကိုမယုံနိုင်သလိုကြည့်သည်။

"မင်း . . . မင်းစကား ပြန်ပြောစမ်းပါဦး"

"ငါတို့ အခုပဲခူးသွားမယ်လို့ပြောတာ"

"ဘာလုပ်ဖို့လဲ . . . ဘုရားဖူးဖို့လား"

"ဟုတ်ဘူး . . . လိပ်ဥတူးမလို့"

"ဘာဥ"

"လိပ်ဥ"

နှစ်ကောင်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ပြီးတော့မှ လင်းဆက်ကိုပြန်ကြည့်၏။

"ဘာအဓိပ္ပာယ်လဲ"

လင်းဆက်ကပြုံးကာ . . . .

"အင်ကြင်းနောက်ကို လိုက်မလို့ပါ"

"ဘာလိုက်လုပ်မှာလဲ"

"ဒီလိုပဲပေါ့ . . . သူ့နောက်ကိုလိုက်ချင်လို့"

"မင်းက သူ့ကိုတွေ့မလို့လား"





"အေး"

"ဟင် . . . တစ်မျိုးပါလား . . . တွေ့ချင်လည်း ရန်ကုန်မှာ တွေ့လို့ရတာပဲ . . . ဘာလို့ ပဲခူးအထိလိုက်တွေ့ရမှာလဲ"

"ငါက သူ့ကိုလင်းဆက်အနေနဲ့တွေ့မှာမဟုတ်ဘူး . . . တခြားတစ်ယောက်အနေနဲ့တွေ့မှာ"

ဒီနှစ်ကောင် နားလည်ဟန်မရှိ။ ထို့ကြောင့် လင်းဆက်က ဆက်ပြီးရှင်းပြသည်။

"ငါကို သူမှတ်မိလောက်ပါတယ် . . . သူလမ်းမှာသွားလာနေတာကို စိတ်မချလို့ နောက်ကနောက်ယောင်ခံပြီး လိုက်ကြည့်မယ် . . . လမ်းတစ်နေရာ တစ်ဆိုင်ဆိုင်မှာတော့ သူရပ်မှာပဲ . . . အဲဒီအခါကျရင် ခရီးသွားဟန်လွှဲတွေ့သလိုလုပ်ပြီး သူ့ကိုသွားနှုတ်ဆက်မလို့လေ"

"နောက်တော့ မင်းကဘာဆက်လုပ်မှာလဲ"

"ဒါကတော့ မီးစင်ကြည့်ကမှာပေါ့ကွာ . . . ငါ့မှာ အကြံရှိပါတယ်"

နှစ်ကောင်ငြိမ်သွားသည်။

"ကဲ ကဲ . . . မြန်မြန်လုပ် . . အချိန်မရဘူး . . . သူ့အိမ်ရှေ့က သွားစောင့်ရမှာ . . . ကားပေါ်တက်တော့"

နှစ်ကောင် ကြောင်တောင်တောင်နှင့် ကားပေါ်ပါလာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်-ပဲခူးလမ်းမကြီးသည် ညနေဆည်းဆာအောက်တွင် သာယာလှပကာနေသည်။ ထိုလမ်းမကြီးအတိုင်း ကားအဖြူလေး တစ်စီးမောင်းနှင်လာ၏။ ကားထဲမှာပါလာသောကောင်မလေးသည် ညနေဆည်းဆာအလှနှင့်အပြိုင် လှပကာနေ၏။

ထိုကားရဲ့နောက် ခပ်လှမ်းလှမ်းတွင် ကားတစ်စီးပါလာသည်။ ထိုကားထဲမှာတော့ ယောကျ်ားလေးသုံးယောက်။

ဖြိုးဝေက ကားမောင်းနေသည့်လင်းဆက်ကိုကြည့်၍ . . .

"လင်းဆက်ရာ . . . မင်းမို့လို့ အရေမရ အဖတ်မရ သူ့ကား နောက်လျှောက်လိုက်နေရတယ်လို့"

"ငါမှ သူ့ကိုစိတ်မချတာ"

"သူကလည်း ဘာလို့အဖော်ခေါ်မလာတာလဲ"

"ငါ သူ့ကိုဖုန်းဆက်တုန်းက အဖော်တစ်ယောက်ခေါ်ခဲ့လို့ ပြောလိုက်သားပဲ . . . ဘာလို့ခေါ်မလာလဲဆိုတာတော့ ငါလည်းနားမလည်တော့ဘူး"

ဗညားကဝင်၍ . . . .





"သူ ငါတို့လိုက်လာတာသိမလားမသိဘူး"

"မသိလောက်ပါဘူး"

"ပြောလို့မရဘူးနော် . . . ဒီလောက်တောက်လျှောက်လိုက် လာတာ ရိပ်မိချင်ရိပ်မိမှာ"

ထိုအချိန်မှာပင် ရွှေအင်ကြင်းဝေ၏ကားက လမ်းဘေးတစ်နေရာမှာ ရပ်ကာသွားသည်။

"ဟာ . . . ဟော့ကောင် . . . ဟိုမှာကားရပ်သွားပြီ . . . ဘာဖြစ်တာလဲ မသိဘူး"

"အပေါ့သွားမလို့ထင်တယ်"

"ဟာ . . . မိန်းကလေးက လမ်းဘေးမှာအပေါ့သွားစရာလား"

"သွားချင်သွားမှာပေါ့ . . . မင်းညီမတောင် ဟိုတစ်ခါ ချိုက်ထီးရိုးသွားတုန်းက လမ်းဘေးမှာသွားသေးတာပဲ"

ဖြိုးဝေက ဗညားကိုဆဲသည်။ လင်းဆက်က ခပ်လှမ်းလှမ်းမှာ ကားကိုရပ်၍ ရှေ့ကကားကိုလှေ့လာနေသည်။

ရွှေအင်ကြင်းဝေ ကားပေါ်ကဆင်းလာ၏။ ဟိုကြည့်ဒီကြည့် လုပ်သည်။ ပြီးတော့ ရှေ့ကကားဘောနက်ဖုံးကို ဖွင့်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ချက်ပြုံးလိုက်၏။ ထိုအပြုံးတွင် သရော်ပြုံးပါသည်။ ထို့နောက် ခပ်လှမ်းလှမ်းမှာရပ်ထားသည့်ကားကို ဘောနက်ဖုံးနောက်မှချောင်းကြည့်လိုက်သည်။ ဘယ်သူမှဆင်းလာတာ မတွေ့ရသေး။

ဒီကားကို သူမအိမ်အထွက်ကတည်းက သတိထားမိသည်။ လမ်းမှာ တစ်လမ်းလုံးနောက်ယောင်ခံလိုက်လာတာကိုလည်း သူမသိ၏။ ပထမတော့ လမ်းကြုံလို့လိုက်လာတယ်ထင်သော်လည်း နောက်တော့ သူမနောက်ကို တမင်တကာလိုက်လာသည်ဆိုတာကို သိသွား၏။

ဘယ်သူလဲဆိုတာကို တွေးကြည့်တော့ အသိသာကြီး။

သူမ ပဲ့ခူးသွားသည့် ခရီးစဉ်ကိုသိတာ လင်းဆက်တစ်ယောက်မှလွဲ၍ ဘယ်သူရှိဦးမှာလဲ။ သူမနောက်လိုက်လာတာကိုလည်း ကြည့်ဦး။

ခပ်လှမ်းလှမ်းက တောက်လျှောက်ကပ်ပါလာတော့ ရှေ့ကလူကမသိဘဲနေပါ့မလား။

ဒီလောက်တုံးတဲ့ နောက်ယောင်ခံနည်းမျိုး ဘယ်သူကများ





သင်ပေးလိုက်ပါလိမ့်ဟု သူမတွေးနေမိ၏။

လင်းဆက်အတွက် ထောက်လှမ်းရေးပညာရပ်များကို ဂျိမ်းစ်ဘွန်းဆီမှာ သွားသင်ခိုင်းရင်ကောင်းမှာပဲဟုစဉ်းစားမိ၏။

သူမ အခုလိုလုပ်တာ ပိုပြီးသေချာအောင်ဖြစ်သည်။ သူမကားရပ်လိုက်တော့ နောက်ကကားကလည်း လိုက်ရပ်သွားသည်။ သူမကားပျက်ချင်ဟန်ဆောင်ပြီး ကားရှေ့ဖုံးကိုဖွင့်ထားခြင်းပင်။

ခဏနေတော့ နောက်ကားကမောင်းထွက်လာကာ သူမကို ကျော်သွားသည်။ တော်တော်လေးကျော်သွားပြီးမှ ခပ်လှမ်းလှမ်းမှာ ရပ်သွားကာ လူတစ်ယောက်ဆင်းလာတာတွေ့လိုက်ရ၏။

လူရည်သန့်တစ်ယောက်။

ဘယ်သူလဲ . . . ။

လင်းဆက်လား . . . ။

ဒါမှမဟုတ် တခြားတစ်ယောက်လား။

သူမတွေးနေစဉ် . . .

"ကားဘာဖြစ်လို့လဲ. . . ဘာကူညီပေးရမလဲ"

ရွှေအင်ကြင်းဝေက . . .

"မသိဘူး . . . ဘာဖြစ်သွားလဲမသိဘူး . . . မောင်းနေရင်း ရပ်သွားလို့"

"ကျွန်တော် ကားအကြောင်းနားမလည်ပေမယ့် နည်းနည်းတော့ကြည့်တတ်ပါတယ် . . . ကြည့်ပေးလို့ရမလား"

ရွှေအင်ကြင်းဝေပြုံးလိုက်ကာ . . . .

"အဲဒါဆိုကြည့်ပေးပါလား. . . ကျေးဇူးပဲနော်"

လင်းဆက်က အင်ဂျင်ကို ဟိုကြည့်ဒီကြည့်လုပ်သည်။ အမှန်တော့ သူလည်းကားကိစ္စမှာ အလုံးစုံနားလည်တတ်သူမဟုတ်။ ဆီဘောက်မီးပျောက်လောက်သာ လုပ်တတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . သူ့ရင်ထဲကချစ်နေသူ အင်ကြင်းဖြစ်၍ ကြိုးစားကာကြည့်ပေး၏။ ဆီပျောက်မီးပျောက်လောက်တော့ နားလည်သော်လည်း အခုဟာက ဆီပျောက်မီးပျောက်မဖြစ်ရင် ဘာကိုဆက်ရှာရမှန်းမသိ။

ရွှေအင်ကြင်းဝေက လင်းဆက်ကိုကြည့်ပြီး မြင်ဖူးသလိုရှိသည်ဟုတွေးမိလိုက်၏။ ဘယ်နေရာမှာမြင်ဖူးမှန်းမသိ။ တစ်နေရာရာမှာတော့ မြင်ဖူးတာသေချာသည်။ သို့သော် ဘယ်နေရာမှန်း မတွေးတတ်တော့။

ရွှေအင်ကြင်းဝေက စပြီး . . . .

"ရှင့်ကို ကျွန်မမြင်ဖူးတယ် . . . ဘယ်နေရာလဲမသိဘူး"

လင်းဆက်ကလှည့်ကြည့်ပြီး . . . .

"ဟိုတစ်ခါ ကားဘီးပေါက်တုန်းက ကျွန်တော်ကူညီခဲ့ဖူးပါတယ် . . . မှတ်မိလားမသိဘူး"

ရွှေအင်ကြင်းဝေ တစ်ချက်စဉ်းစားလိုက်ကာ

"မှတ်မိပြီ . . . မှတ်မိပြီ . . . ဪ . . . အဲဒါရှင်ကိုး"

"ဟုတ် . . . ကျွန်တော်ပါ"

"ဒါနဲ့မေးရဦးမယ် . . . ရှင်က ကျွန်မကိုသိလို့ ဝင်ကူညီတာလား"

လင်းဆက်က ချက်ချင်းပင်ပြန်၍ . . . .

"ဟုတ်ဘူး . . . ဟိုင်းဝေးလမ်းမှာသွားနေတဲ့ကားတစ်စီး ဆီပြတ်သွားတယ်ထင်လို့ ဝင်မေးတာပါ"

ရွှေအင်ကြင်းဝေအပြုံးကို လင်းဆက်မမြင်လိုက်။

ထိုအပြုံးမှာ အားလုံးသိနေတယ်ဆိုသည့်စကားတွေ အများကြီးပါသည်။

ရွှေအင်ကြင်းဝေ ခေါင်းကိုပဲညိတ်ကာ . . . .





"ဒါဆို ဒုတိယတစ်ခေါက် ကူညီပေးတာပေါ့"

လင်းဆက်က . . . . .

"ဟုတ်"

"ကျေးဇူးတွေတောင် များနေပြီနော်"

လင်းဆက်ရယ်သည်။

ထို့နောက် . . . .

"ကျေးဇူးတွေများနေရင်လည်း ပြန်မဆပ်ခိုင်းပါဘူးဗျာ . . . လို့ပါ"

ထို့နောက် စကားပြတ်သွားကြသည်။

လင်းဆက်က ကားအင်ဂျင်ပတ်ဝန်းကျင်က ဟိုကြိုးလှုပ် ဒီကြိုးလှုပ်လိုက်နှင့် လျှောက်လုပ်သည်။ အမှန်တော့ ဘာမှ သိသည်၍မဟုတ်။ အင်ကြင်းရှေ့မှာ လူတတ်ကြီးလုပ်ချင်၍ဖြစ်၏။

"ကားစက်နှိုးကြည့်"

အင်ကြင်းကနှိုးကြည့်သည်။

ကားက အစောကြီးကတည်းက ကောင်းနေသောကားဖြစ်၍ တစ်ချက်နှစ်ချက်နှိုးပြီးတော့ ကောင်းသွား၏။ နိုးသွားခြင်းကို သည်။

လင်းဆက်ပျော်သွားသည်။

ရွှေအင်ကြင်းဝေကလည်း . . . .

"ဟို . . အခုလိုကူညီပေးတာ ကျေးဇူးပဲ"

လင်းဆက်က . . .

"ရပါတယ်"

ဟုပြောပြီး

"ကိုယ်တို့က ပဲခူးကိုကိစ္စတစ်ခုရှိလို့ထွက်လာတာ ညီမလေး ပျက်နေတာတွေ့တော့ ကူညီပေးတာပါ . . . ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်ကြင်းဝေက ....

"အစ်ကိုနာမည် ဘယ်လိုခေါ်လဲ"

လင်းဆက်တစ်ချက်တွေဝေသွားပြီးမှ ....

"ခိုင်မြဲ"

"ခိုင်မြဲ ... ဟုတ်လား ... ဟား ဟား"

ရွှေအင်ကြင်းဝေက ရယ်၏။ လင်းဆက်က ရွှေအင်ကြင်းဝေ ရယ်တာကို ကြောင်တောင်တောင်နှင့်ကြည့်ကာ ....

"ဘာလို့ရယ်တာလဲ"

ရွှေအင်ကြင်းဝေ အရယ်မရပ်သေးဘဲ ....

"ခိုင်မြဲ ... ဟား ဟား ... လင်းဆက်ဆို လင်းဆက်ပေါ့ ... ဘယ်သူက တရားစွဲမှာမို့လို့လဲ ... တကယ်ပဲ"

လင်းဆက်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားကာ ....

"ဘယ်လို ... ကျွန်တော်ကလင်းဆက် ဟုတ်လား ... လင်းဆက်ဆိုတာ ဘယ်သူလဲ"

"ရှင်ပဲလေ"

"ဟင်"

လင်းဆက် မိနစ်တော်တော်များများ ကြောင်တောင်တောင်ဖြစ်သွားသည်။ ရွှေအင်ကြင်းဝေက ....

"ကိုလင်းဆက်ကို ကျွန်မတစ်ခုပြောမယ်"

လင်းဆက်က ....

"ဟုတ်"

"ရှင် မိန်းကလေးတစ်ယောက်ကိုကြိုးစားတာ ဆန်းမလို့ ရှိုးတယ် သိလား"

"ဘာလို့လဲ"

"ရှင်က ကျွန်မနောက်က နောက်ယောင်ခံလိုက်တယ်...



အဲဒီနောက်ယောင်ခံလိုက်တဲ့ကိစ္စကလည်း အရမ်းသိသာလွန်းတယ် ... တခြားနည်းပြောင်းသုံးပါလား"

လောလောဆယ် လင်းဆက်ဘာပြောရမှန်းမသိတော့ပေ။

"ကဲ .... ကျွန်မနောက်က နောက်ယောင်ခံလိုက်မနေနဲ့ ... ပေါ်တင်လိုက်... ရှင်က လင်းဆက်ဆိုတာလည်း ကျွန်မ သိပြီးပြီ ... အဲဒီတော့"

သူမက စကားကို တစ်ဝက်တစ်ပြတ်ဖြတ်၍ မချိုမချဉ်ကြည့်၏။

လင်းဆက်က ...

"အဲဒီတော့ ဘာဖြစ်လဲ"

"ပေါ်တင်လိုက်ခဲ့ ... ကြောက်နေတာလား"

"ဟာ ... မကြောက်ပါဘူး"

"ဒါဆို နောက်ကလိုက်ခဲ့"

"ဟင် .... အင်ကြင်းကားက ပျက်နေတာဆို"

"အဲဒါကြောင့် ရှင့်ကိုပြောတာ ... ငတုံးလို့ ... ရှင် ကျွန်မ နောက်ကလိုက်နေလား၊ လိုက်မနေဘူးလားသိအောင် ကျွန်မကလုပ် ထိုက်တာ သိလား ငတုံးလေးရဲ့"

ပြောပြီး ရွှေအင်ကြင်းဝေက ကားရှေ့ဖုံးကိုပိတ်ကာ ကား ပေါ်တက်ပြီး စက်နှိုးလိုက်သည်။ ပြီးတော့ ....

"လိုက်ခဲ့မှာလား"

လင်းဆက် ကြောင်တောင်တောင်ဖြစ်နေရင်း ....

"ဟုတ်"

"အဲဒါဆို နောက်ကလိုက်ခဲ့"

ပြောပြီး ချက်ချင်းမောင်းထွက်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ လူသုံးယောက်ပါသော်လည်း အားလုံးငြိမ်နေကြသည်။ တစ်ချက်တစ်ချက် လင်းဆက်ဆီမှ သက်ပြင်းချသံကို ကြားနေရ၏။ ဗညားက လင်းဆက်ဘက်ကိုလှည့်၍ ....

"မင်းကို ငါတို့ပြောသားပဲ ... သူသိလောက်ပါတယ်လို့ ... မင်းလုပ်နေပုံက ကြည့်ဦးလေ"

လင်းဆက်က ...

"ငါ့ရည်မှန်းချက်နဲ့ တခြားစီပဲကွာ"

"သိသွားတော့လည်း ဘာဖြစ်လဲကွာ ... ပေါ်တင်လုပ်လို့ရသွားတာပေါ့"

လင်းဆက်က သက်ပြင်းချ၍ ...

"ငါက ကဗျာဆန်ဆန်လေးလုပ်ချင်တာကွာ ... ဟို ... ရုပ်ရှင်တွေထဲကလိုလေ ... သိတယ်မဟုတ်လား"

နှစ်ယောက်စလုံးခေါင်းကုပ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ပြီးတော့ တစ်ယောက်တစ်လှည့်ခေါင်းခါပြ၏။

ခဏငြိမ်သွားကြပြီးမှ လင်းဆက်က ...





"ရွှေအင်ကြင်းဝေက တော်တော်လည်တဲ့မိန်းကလေးကွ သိလား"

"သိသားပဲ ... မင်းသာ တုံးတာ"

"အေး ... ငါ့ကိုတုံးလေးလို့လည်း ပြောသွားသေးတယ်"

သူ့စကားကြားတော့ နှစ်ယောက်စလုံးရယ်သည်။ တော်တော်လေးရယ်ပြီးတော့မှ ...

"ဟုတ်လည်းဟုတ်တာပဲ ... မင်းက ဇာတ်မင်းသားလည်း လုပ်ချင်သေးတယ် ... ချိုမိုင်မိုင်တောင် မကတတ်ဘူးဆိုသလို ဖြစ်နေပြီ"

ဖြိုးဝေပြောပြီးတော့ ဗညားကပါဝင်၍ ...

"လင်းဆက် ဟိုကလည်လို့ ဒီအရွယ်လေးနဲ့ စီးပွားရေးလုပ်ငန်းတွေဦးဆောင်ပြီး အောင်မြင်အောင်လုပ်နေတာပေါ့ကွ သိလား ... မင်းစိတ်ထဲမှာ တော်တော်လေးလျှော့တွက်ထားတယ် ထင်တယ် ... အဲဒါကြောင့် မင်းလုပ်ရပ်တွေပေါ်သွားတာ"

လင်းဆက် ဘာမှဆက်မပြောတော့ပေ။ ဒီကောင်တွေ ဆဲဖန်တာ မှန်နေ၍ဖြစ်၏။ ဟုတ်လည်းဟုတ်သည်။ ရွှေအင်ကြင်းဝေက တော်တော်လေးလည်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ တော်ရုံဇာတ်လမ်းဆင်ရုံလောက်နှင့်တော့ သူမကိုလှည့်စားနိုင်လိမ့်မည်မဟုတ်။

ဒီလိုနှင့်ပင် သူမကားနောက် ခပ်မှန်မှန်လေးလိုက်ရင်း အတွေးပေါင်းစုံနယ်ချဲ့နေစဉ် ရွှေအင်ကြင်းဝေကားက ရွှေအုန်းပင်အမင်းဆိုင်ခြံဝင်းထဲ ချိုးကွေ့သွားတာတွေ့လိုက်၍ သူလည်းလိုက်ကွေ့လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတူတူဝိုင်းထိုင်ဖြစ်ကြသည်။ ဖြိုးဝေနှင့်ဗညားကို လင်းဆက်ကပဲ ရွှေအင်ကြင်းဝေနှင့်မိတ်ဆက်ပေး၏။

အားလုံးနှင့် မိတ်ဆက်ပြီးတော့ ရွှေအင်ကြင်းဝေက . . .

"ကဲ . . . ဘာစားမလဲ မှာကြ . . . ကျွန်မကပဲ မိတ်ဖြစ်ဆွေဖြစ်ကျွေးပါရစေ . . . အခု ကျွန်မရှင်းမယ်နော်"

ဗညားကဝင်၍ . . .

"ဒီလိုမှန်းသိရင် အစောကြီးကတည်းကလာပြီး မိတ်ဆက်ပါတယ်ဗျာ . . . ဒီကောင်ကြီး ကြောင်တောင်တောင်လုပ်နေတာနဲ့ မိတ်ဆွေဖြစ်တာ နောက်ကျသွားပြီ"

ရွှေအင်ကြင်းဝေက လှပစွာရယ်သည်။

ပြီးတော့မှ . . .

"အခုမှဖြစ်လည်း အချိန်မလွန်သေးပါဘူးရှင် . . . ကျွန်မက အားလုံးကိုခင်တတ်ပါတယ်"

ထို့နောက် စားပွဲထိုးလေးရောက်လာ၍ ဟင်းနှင့်ထမင်းတွေ မှာကြသည်။ ထို့နောက် ထမင်းတွေဟင်းတွေလာမချခင် သူတို့စကားဆက်ပြောကြ၏။





"ကိုလင်းဆက် . . . ဒီနေ့ပဲခူးမှာအိပ်မှာလား"

"ဗျာ"

"သြော် . . . ပဲခူးမှာအိပ်မှာလားလို့ မေးတာ"

လင်းဆက် ဘာပြန်ဖြေလို့ဖြေရမှန်းမသိ။

"ဟို . . . မသိသေးဘူး . . . ဘာဖြစ်လို့မေးတာလဲ"

"ဘာရယ်မဟုတ်ပါဘူး . . . မေးကြည့်တာပါ"

လင်းဆက်က ခဏစဉ်းစားကာ . . . .

"အင်ကြင်းက ပဲခူးမှာဘာကိစ္စလဲ"

"အင်း . . . ခြံကိစ္စပါ . . . ကျွန်မတို့ သရက်ခြံတွေရှိတယ်လေ . . . အဲဒီကိစ္စလာတာ"

"ဟုတ်လား . . . ဒါဆို ဒီညဘယ်အချိန်ပြန်မှာလဲ"

"အင်း . . . ပြောလို့တော့မရဘူး . . . ညဉ့်နက်ရင်တော့ ဒီမှာပဲ အိပ်ဖြစ်မယ်ထင်တယ်"

ထိုသို့ပြောပြီးမှ တစ်ခုသတိရသွားဟန်ဖြင့် . . . .

"ဒါနဲ့ ကျွန်မ မနက်ဖြန် ဘာလုပ်ရမလဲဆိုတဲ့အစီအစဉ်လေး သိချင်တယ် . . . အဲဒီအစီအစဉ်ကိုကြည့်ပြီး ဆုံးဖြတ်ရမှာ"

လင်းဆက်က ခဏနော်ဟုပြောပြီး ဘားဆီပြေးသည်။ ထို့နောက် ကားရှေ့ဒက်ရှ်ဘုတ်ထဲတွင်ထည့်ထားသော ဒိုင်ယာရီကိုဖွင့်ကာ ကြည့်လိုက်၏။

ဒိုင်ယာရီထဲတွင် . . . .

**"မနက်ငါးနာရီ သူ့ငယ်ချင်းပြည့်ပြည့် အိမ်တက်မင်္ဂလာဆွမ်းကျွေးအလှူသွားရန်"**

ဟု ရေးထားသည်။ လင်းဆက် သူမထံပြန်လာ၍ အကျိုးအကြောင်းပြောပြတော့ . . .

"ဟယ် . . . ဟုတ်လား . . . ဒါဆိုရင်တော့ ဒီညတွင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်မှရမယ်. . . ပြည့်ပြည့်အလှူက မနက်ဘုန်းကြီးတရားနာ အမီ သွားရမှာ"

လင်းဆက်က ခေါင်းညိတ်ပြ၍ . . .

"ကိစ္စပြီးလို့ပြန်ရင်လည်းရပါတယ် . . . ကျွန်တော်တို့ ပါနေတာပဲ . . . လမ်းမှာ စိတ်ချလက်ချသွားပါ"

ရွှေအင်ကြင်းဝေခေါင်းညိတ်ပြကာ ပြုံးသွား၏။ ထိုအပြုံးကရင်ထဲမှာ တကယ်ကျေနပ်သွား၍ ပြုံးသောအပြုံးဖြစ်သည်။

ဒီနေ့အဖို့ လင်းဆက်ကို တကယ်ကျေးဇူးတင်သွားမိပါတော့သည်။



ရွှေအင်ကြင်းဝေက လင်းဆက်တို့သူငယ်ချင်းတစ်စုကို သူမသရက်ခြံသို့အလည်ခေါ်သွား၏။ ခြံက တော်တော်ကျယ်မှန်း ရောက်သွားမှတွေ့ရသည်။

"ခြံက တော်တော်ကျယ်တာပဲနော်"

လင်းဆက်ကပြောတော့ . . . .

"အဘွားလက်ထက်ကတည်းကခြံလေ. . . ဘိုးဘွားစဉ်ဆက်သရက်ပင်စိုက်လာတာ"

"သြော်"

ခြံကိုရောက်တော့ ဆည်းဆာနေရောင်ခြည်က ပျောက်လုနီးပြီ။ သူမတို့ခြံထဲကအိမ်လေးမှာပဲ သူတို့ကိုဧည့်ခံ၏။ ထိုအိမ်မှာသင်မယားနှစ်ယောက်နေသည်။ မန်နေဂျာဟုသိရသည်။

ထိုအိမ်၏ အနောက်မှာ တန်းလျားတစ်လုံးရှိ၏။ ခြံအလုပ်သမားတွေကို ထားသည့်နေရာဟု သူမကပြော၏။ သရက်ပင်ကိုတော်တော်ကြီးကြီးကျယ်ကျယ်စိုက်ပျိုးထားခြင်းဖြစ်သည်။

လင်းဆက်တို့အဖွဲ့က အိမ်ရှေ့ကကွပ်ပျစ်လေးမှာထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြသည်။ ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်ချကျွေးကာ ဧည့်ခံသည်။

"ကိုလင်းဆက် တော်တော်ပင်ပန်းသွားပြီလား"

လင်းဆက်ကရယ်လျက် . . . .

"ပင်ပန်းဖို့တောင်မစဉ်းစားမိဘူး . . . ကျွန်တော်က ပျော်နေတာ"

ဗညားကဝင်၍ . . .

"ဟုတ်တယ် . . . ဒီကောင်ကြီးက ရွှေအင်ကြင်းဝေအတွက်ဆို . . ."

ဟုပြောပြီး စကားကိုရပ်ကာ လင်းဆက်အား မချိုမချဉ်နှင့်ကြည့်၏။ ရွှေအင်ကြင်းဝေ ရှက်ပြုံးပြုံးကာ ခေါင်းငုံ့သွားတာတွေ့လိုက်ရသည်။

ဗညားဝင်နောက်လိုက်သည့်စကားတစ်ခွန်းက တော်တော်ထိရောက်သွားတာတွေ့လိုက်ရ၍ လင်းဆက်ကျေနပ်သွားမိ၏။

"ဒါနဲ့ အင်ကြင်းက ဒီမှာကိစ္စရှိလို့လား"

"အင်း . . . ထွေထွေထူးထူးတော့ မရှိပါဘူး . . . ကျွန်မက ဒီလိုပဲ တစ်လတစ်ခေါက်လောက်တော့ ဒီကိုလာနေကျ . . . အခု နောက်ပိုင်း မရောက်တာနှစ်လသုံးလရှိပြီ . . . အဲဒါကြောင့် လာတာပါ"

"ဩော် . . . အဲဒါကြောင့် ဒိုင်ယာရီထဲမှာ ပဲခူးသွားဖို့ပဲရေးထားတာကိုး"

လင်းဆက်စကားဆုံးတော့ ဖြိုးဝေကဝင်၍ . . .

"ဒီကောင်လည်း အဲဒီဒိုင်ယာရီစာအုပ် ကောက်ရပြီးကတည်းက အလုပ်ရနေတာ . . . အရင်ကဆို ဘာအလုပ်မှရှိတဲ့ကောင်မဟုတ်ဘူး"





ဖြိုးဝေစကားကြောင့် အားလုံးရယ်ဖြစ်ကြသည်။

ရွှေအင်ကြင်းဝေက . . . .

"ခဏနော်"

ဟုပြောပြီး အိမ်ထဲဝင်သွား၏။ ထို့နောက် ခြံမန်နေဂျာနှစ်ယောက်နှင့် စကားသွားပြောသည်။

သူတို့က ကွပ်ပျစ်လေးမှာထိုင်ရင်း စကားဆက်ပြောကြသည်။ ဗညားက သူ့နားကပ်လာကာ . . . .

"ဟေ့ကောင် . . . မင်းဘာဆက်လုပ်မှာလဲ"

"ဘာကိုလဲ"

"ကြည့်ရတာတော့ တော်တော်အဆင်ပြေနေပြီနော် . . . တိုယ့်ဘက်က လျှော့မသွားနဲ့"

လင်းဆက်က . . .

"ဒါကတော့ကွာ . . . သူက အိမ်ရှင်တစ်ယောက်အနေနဲ့ ပြေပြေလည်လည်ဆက်ဆံတာနေမှာပါ"

"ဟေ့ကောင် . . . မင်းကို အဲဒါကြောင့် ဟိုကတုံးလို့ပြောတာ . . . ပြေပြေလည်လည်ဆက်ဆံချင်တာနဲ့ပဲ သူကမင်းကို ဒီအထိခေါ်လာမလား"

"ဒါက ဒီလိုရှိတယ်လေ . . . အပြန် သူနဲ့အတူပြန်မယ့်ကိစ္စတွေ . . . ဒီကိုခေါ်မလာလို့ သူက ငါတို့ကို အပြင်မှာစောင့်ခိုင်းထားလို့ ကောင်းမလားကွ"

ဖြိုးဝေက သက်ပြင်းချသည်။

"လင်းဆက် မင်းကတုံးပဲ . . . နေရာချင်း လဲမလား"

"လဲမယ် . . . လာလေ . . . ဒီမှာလာထိုင်"

"သေလိုက်"

အားလုံးရယ်လိုက်ကြသည်။ အရယ်ဆုံးတော့ ဗညားက . . .



www.burmeseclassic.com

www.burmeseclassic.com



"လင်းဆက်"

"ဟမ်"

"အပြန်ကျရင် မင်း သူ့ကားနဲ့လိုက်သွား"

"ဟာ . . . ဘာလို့လဲ . . . ကိုယ့်ကားနဲ့ကိုယ်သွားမှာပေါ့"

"မင်းက ပြောရသိပ်ကျပ်တာပဲ . . . ဒီလိုအခွင့်အရေးမျိုးက ရခဲတယ် . . . မင်းကားကို ငါတို့မောင်းပြီးယူလာခဲ့မယ် . . . မင်းက သူ့ကားနဲ့လိုက်သွား"

"ဟာ . . . ငါက ဘယ်လိုသွားပြောရမှာလဲ"

"လွယ်လွယ်လေးပါကွာ . . . လမ်းမှာ သူတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ အဖော်လိုက်လုပ်ပေးတာလို့ပြောလိုက်ပေါ့"

လင်းဆက် တစ်ချက်တွေဝေသွားသည်။ သူတွေဝေသွားတာကိုကြည့်၍ ဖြိုးဝေက တစ်ချက်ထပ်တွန်း၏။

"ဗညားပြောတာမှန်တယ် လင်းဆက် . . . မင်းလိုက်သွားလိုက်"

သူတစ်ခုခုပြန်ပြောမလို့လုပ်စဉ် ရွှေအင်ကြင်းဝေ အိမ်ထဲက ထွက်လာတာတွေ့လိုက်ရ၍ စကားစပြတ်သွားတော့သည်။

ရွှေအင်ကြင်းဝေကဝင်ထိုင်၍ . . .

"ပျင်းနေကြပြီလား"

အားလုံးက . . .

"ရပါတယ် . . . ဒီမှာလည်း စကားကောင်းနေတာ"

"ဟုတ်လား . . . ဘာတွေပြောနေကြတာလဲ . . . ကျွန်မအကြောင်းတော့ မပါပါဘူးနော်"

"ထိပ်ဆုံးကထားပြီး ပြောနေတာပါဗျာ"

ဖြိုးဝေကဝင်နောက်တော့ အားလုံးရယ်လိုက်ကြသည်။ ပြီးမှ ရွှေအင်ကြင်းဝေက . . .





"တော်တော်တောင် မိုးချုပ်နေပြီ . . . ပြန်ကြမလား"

လင်းဆက်က

"အင်ကြင်းကိစ္စတွေ ပြီးအောင်လုပ်ပါ . . . ကျွန်တော်တို့က ရပါတယ်"

"ကျွန်မကိစ္စက ပြီးပါပြီ . . . ပြန်ရုံပဲ"

"ဒါဆိုလည်း ပြန်မယ်လေ"

အားလုံးကွပ်ပျစ်လေးမှထစဉ် ဗညားက လင်းဆက်ကိုလက်လှမ်းကုပ်သည်။ ခုနပြောထားသည့်အစီအစဉ်ကို အကောင်အထည်ဖော်ခိုင်းခြင်းဖြစ်သည်။

လင်းဆက်က တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေ၍ ဗညားကပင်ဝင်၍ . . . .

"ရွှေအင်ကြင်းဝေ"

"ရှင်"

"ဒီကောင်ကြီးကိုခေါ်သွားပါလား . . . ရွှေအင်ကြင်းဝေလည်း အဖော်ရတာပေါ့ . . . လိုအပ်တာရှိလည်း ခိုင်းလို့ရတာပေါ့"

ဗညားကားကြောင့် ရွှေအင်ကြင်းဝေရယ်လိုက်ကာ . . .

"အဲလိုမပြောပါနဲ့ရှင် . . . ကိုလင်းဆက်က ကျွန်မကို ဒီလောက်ထိလိုက်ပြီး အကူအညီပေးတာပဲ ကျေးဇူးတင်လှပါပြီ"

ဖြိုးဝေကဝင်၍ . . . .

"ဒီကောင်က ရွှေအင်ကြင်းဝေ အကူအညီမတောင်းလည်း အတင်းလိုက်ကူညီမယ့်ကောင်ဗျ"

ဖြိုးဝေစကားကြောင့် လင်းဆက်ရှက်သွား၏။ ဒီလိုပေါ်တင်ကြီးပြောတော့လည်း ရင်ထဲမှာတစ်မျိုးကြီး။ ရွှေအင်ကြင်းဝေက လင်းဆက်ကိုကြည့်၍ . . . .

"ကိုလင်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"လိုက်ခဲ့ပါလား"

"ဟုတ်"

နည်းနည်းတောင် တွေဝေမနေဘဲ ပါးစပ်ကအလိုလိုထွက်သွားမိ၏။

အမှန်တော့ ဘာမှတွေဝေနေစရာမလိုတော့ပါ။ ဒီဇာတ်လမ်းက လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေလေပြီ။ ဇာတ်သိမ်းလေးလှဖို့သာ လိုပါတော့သည်။



ဒီတိမ်မကြီးမှာ ယောင်ယမ်း

မျှော်မှန်းလို့နေမိတယ်

သူ..တော်ရှိရာလေ...!

ဒီတိမ်တောင်အုပ်

ရေမှုန်ခြင်

ငါ..ချစ်ပါရစေ...!

www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ သူမရန့်နှင့် သင်းပျံ့နေသည်။ တံခါးပေါက်မှ တိုးဝှေ့လာသောလေညှင်းက သူမဆံနွယ်လေးတွေကို ယိမ်းနွဲ့လှုပ်ခတ်နေစေ၏။

လင်းဆက် တစ်ချက်တစ်ချက်ခိုးကြည့်သည်။ ကြည့်မိတိုင်းလည်း ပိုပြီးချစ်ချစ်လာသည်။ ဆံစကနေခြေဖျားအထိ အပြစ်ကင်းအောင်လှတယ်ဆိုတာ ဒါမျိုးဖြစ်မည်ဟုတွေးနေစဉ်မှာ . . .

"ကိုလင်းဆက်"

"ဗျာ"

"နှစ်ယောက်တည်းရှိတုန်း မေးရဦးမယ်"

"ဟုတ်ကဲ့"

"ကိုလင်းဆက်က ကျွန်မကို ဘာလို့ချစ်တာလဲ"

"ဗျာ"

ရုတ်တရက်ကြီးဆိုတော့ ဘာဖြေရမှန်းမသိဘဲ အူကြောင်ကြောင်ကြီးနှင့် ကြည့်နေမိသည်။ တော်တော်လေးကြာအောင် ကြောင်တောင်တောင်ကြီးဖြစ်နေပြီးမှ . . .





"ဟို . . ဟိုဟာ. . . ဘယ်လိုပြောရမလဲ"

ခေါင်းကိုကုပ်သည်။ နှာခေါင်းကိုပွတ်သည်။ ဘာဆက်ပြောရမလဲစဉ်းစား၏။ ဘာဆက်ပြောရမှန်း မသိ။ ဘာလို့ချစ်တာလဲဆိုတော့ ချစ်ချင်လို့ချစ်တာဟုပဲ ဖြေရလိမ့်မည်။ ဒီအပြင် အဖြေမရှိ။ ဒါနဲ့ပဲ . . .

"ကျွန်တော်က အင်ကြင်းကို ဟိုတစ်ခါဘီးပေါက်တုန်းကတည်းက စိတ်ဝင်စားမိတာ"

"ဪ . . . ဒါဆို မြင်မြင်ချင်းချစ်တယ်ဆိုတဲ့သဘောပေါ့"

ပုတ်သင်ညိုက အန္တိုးပေးရလောက်အောင် ခေါင်းကိုအကြိမ်ကြိမ်အခါခါညိတ်ပြမိ၏။ ရွှေအင်ကြင်းဝေက တိုးတိုးလေးရယ်ကာ

"ဒါနဲ့မေးရဦးမယ် . . . ဒိုင်ယာရီကို ဘယ်ကရတာလဲ"

"မွေးနေ့ပွဲတစ်ခုက ကောက်ရခဲ့တာ"

"ဘယ်မွေးနေ့ပါလိမ့်"

"ပြည့်ပြည့်ရဲ့မွေးနေ့ပါ"

"ဟုတ်လား . . . ပြည့်ပြည့်နဲ့ ကိုလင်းဆက်က မိတ်ဆွေတွေလား"

"သူနဲ့တော့ မိတ်ဆွေမဟုတ်ဘူး . . . သူ့အစ်ကိုနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းတွေ . . . သူနဲ့ကတော့ မောင်နှမလိုခင်နေတာပါ"

"ဒါနဲ့ ဒိုင်ယာရီကောက်ရတော့ ကျွန်မကိုဘာလို့ပြန်မပေးဘာလဲ"

"ကျွန်တော်မှားသွားရင် ခွင့်လွှတ်ပါ . . . ကျွန်တော်က ရွှေအင်ကြင်းဝေကို ချဉ်းကပ်စရာနည်းလမ်းက ဒီတစ်ခုပဲရှိလို့ပါ"

ရွှေအင်ကြင်းဝေ အားရပါးရရယ်သည်။ လင်းဆက်ကြောင်တောင်တောင်နှင့် သူမကိုကြည့်နေမိ၏။ အရယ်ရပ်တော့မှ . . .

"အမလေး . . . ကိုလင်းဆက်ရယ် . . . ဒီဒိုင်ယာရီဟာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်မရခဲ့ရင် ဘယ်လိုလုပ်မလဲ"

လင်းဆက် ဘာပြန်ဖြေလို့ဖြေရမှန်းမသိ။ ရွှေအင်ကြင်းဝေသူ့ကိုရစ်နေတာလားမသိဘူးဟု စဉ်းစားမိ၏။ သူမနှင့်အနီးကပ်စကားပြောကြည့်တော့မှ တော်တော်ပွင့်လင်းသည့် ကောင်မလေးမှန်း သိလာရသည်။ သူမရင်ထဲမှာ ဖြစ်ပေါ်နေတဲ့အရာကိုင်းကို ရှိတဲ့အတိုင်းပြောတတ်ပုံရသည်။

ပြီးတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့် ရှိပုံလည်းရ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိသည့်လူတော်တော်များများသည် လိုအပ်တာထက်ပိုပြီး ဟန်ဆောင်မှုမရှိ။ ဟန် မဆောင်တတ်ကြ။

"ကိုလင်းဆက်"

"ဗျာ"

သူမအသံကြားမှ လင်းဆက်အတွေးကိုရပ်လိုက်သည်။

သူမကဆက်ပြီး . . .

"ဖြေဦးလေ . . . ကျွန်မမေးတာ"

"အဲ . . . အဲဒါကတော့ မပြောတတ်ဘူး . . . ဒါပေမဲ့ ကျွန်တော်ကတော့ အင်ကြင်းကိုဆက်ကြိုးစားမှာတော့ သေချာပါတယ်"

"ထားပါတော့ . . . အခုရော ဒိုင်ယာရီပြန်ပေးဖို့အစီအစဉ်ရှိလား"

"ဟင့်အင်း . . . မရှိဘူး"

"ဘာလို့လဲ"

"ဒိုင်ယာရီပြန်ပေးလိုက်ရင် အင်ကြင်းက ကျွန်တော့်ဖုန်းကိုမကိုင်တော့မှာစိုးလို့"

"ကိုလင်းဆက်ကလည်း ကလေးဆန်လိုက်တာ"





"တစ်ခါတလေ အချစ်အတွက် ကလေးဆန်တာ အပြစ်မရှိပါဘူးဗျာ"

ပြောပြီးမှ လင်းဆက် ကိုယ့်စကားကိုယ်ကျေနပ်သွား၏။

ရွှေအင်ကြင်းဝေ ဘာမှတော့ဆက်မပြော။ ငြိမ်ကျသွားသည်။ ထိုအချိန်လေးကို လင်းဆက်ကအခွင့်အရေးယူ၍ . . .

"ကျွန်တော့်ကိုစဉ်းစားပေးပါနော်"

ရွှေအင်ကြင်းဝေ ရုတ်တရက်ပြန်မဖြေသေး။ ခဏကြာမှ . .

"ကျွန်မစဉ်းစားပေးပါမယ်"

"ဘယ်လောက်ကြာမှာလဲဟင်"

"အခုမှစဉ်းစားရုံရှိသေးတယ် . . . ဖြည်းဖြည်းပေါ့ . . . ဘာလဲ . . . မစောင့်နိုင်ဘူးလား"

"အာ . . . အဲဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူးဗျာ . . . စောင့်နိုင်ပါတယ် . . . ကျွန်တော်က အင်ကြင်းနားမှာ နေနေရရင် ပျော်နေတဲ့လူပါ"

"အပိုတွေ"

သူတို့ရယ်ဖြစ်ကြသည်။ ထိုရယ်သံများက ဟိုင်းဝေးလမ်းမကြီးထက် ပျံ့နှံ့ကာသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ မိဖုရားရှေ့တော်မှောက် ခစားခွင့်လိုင်စင်ရသွားသူလို ရွှေအင်ကြင်းဝေဆီ တစ်ရက်တစ်ခေါက် ပုံမှန်ရောက်သည်။ တစ်ခါတလေ သူမအလုပ်ကိစ္စလေးတွေကိုတောင် သူကကူညီလုပ်ကိုင်ပေးလိုက်သေး၏။

သို့သော် လင်းဆက်က ရွှေအင်ကြင်းဝေကိုတွေ့ချင်လျှင် အပြင်မှာပဲတွေ့တာများသည်။ သူမကလည်း လင်းဆက်ကို အပြင်မှာပဲချိန်းသည်။ ကုမ္ပဏီကိုမချိန်း။ ကုမ္ပဏီမှာက ဝန်ထမ်းတွေနှင့် ဆိုတော့ လင်းဆက်လာလျှင် သို့လောသို့လော ထင်လာနိုင်၏။ ဒါကို လင်းဆက်ကလည်း လက်ခံသည်။ ဘာမှမဖြစ်သေးခင်စပ်ကြား ရွှေအင်ကြင်းဝေ၏သိက္ခာကို စောင့်ထိန်းပေးရမည်ဟု တွေးထား၍ဖြစ်သည်။

ဒီနေ့ဘုရားတက်မလို့ သူတို့ချိန်းထားသည်။ ရွှေတိဂုံဘုရားကိုသွားဖြစ်ကြသည်။ ဘုရားရောက်တော့ . . . .

"အင်ကြင်း"

"ရှင်"

"အင်ကြင်းက မွေးနေ့တိုင်းဘုရားတက်တယ်နော်"





"ဟုတ်"

"ဒီနေ့ကျတော့ မွေးနေ့မဟုတ်ဘဲ ဘာလို့ဘုရားတက်တာလဲ"

"ဪ . . . ကိုလင်းဆက်ကတော့ လုပ်တော့မယ် . . . မွေးနေ့မဟုတ်လည်း ဘုရားကလာဖူးလို့ရတာပဲဟာကို"

"ဟုတ်တော့ဟုတ်ပါတယ်"

"ဒါနဲ့ ကိုလင်းဆက်က ဘာနေ့သားလဲ"

"အင်ကြင်းနဲ့အတူတူပဲ"

"ဗုဒ္ဓဟူးသားပေါ့"

"ဟုတ်ကဲ့"

ပြောပြီး လင်းဆက်ကပြုံးလိုက်သည်။ ရွှေအင်ကြင်းဝေက လင်းဆက်ပြုံးတာကိုတွေ့ပြီး . . .

"ဘာပြုံးတာလဲ"

"ဪ . . . ဟိုစကားလေး သွားသတိရလို့ပါ"

"ဘယ်စကားလဲ"

"နေ့ချင်းထပ်ရင် မြတ်တယ်ဆိုတဲ့စကားလေ"

"အပိုတွေ"

ရွှေအင်ကြင်းဝေက မျက်စောင်းလေးလှည့်ထိုးသည်။ အလိုသို့ကမှ ချောပြီးလှပြီးသားကောင်မလေးက မျက်စောင်းလှည့်ထိုးသော့ ပိုချစ်စရာကောင်းသွား၏။ လင်းဆက်ရင်ထဲမှာ အသည်းယားသွားလေသည်။ ဘုရားပေါ်မှာဖြစ်၍ ရင်ထဲကစိတ်ကို မျိုသိပ်ထားလိုက်ရသည်။

အပြင်မှာဆိုလည်း မလုပ်ရဲပါ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်က ဘုရားတက်လိုက် . . . ကော်ဖီသောက်လိုက်ဘဝကနေ မတိုးတက်သေးဘူးလား"

ဟု ဖြိုးဝေကပြောသည်။ ဗညားက . . .

"လုပ်သင့်တာလုပ်တော့လေကွာ"

ဟုဆက်ပြော၏။

သူက . . .

"ငါလည်း တိုးတက်ချင်ပြီပေါ့ကွာ . . . ဒါပေမဲ့ အရမ်းလောလို့မရဘူးကွ . . . တော်ကြာ အခုရနေတဲ့အခွင့်အရေးလေးတောင်ပြန်ရုတ်သိမ်းသွားဦးမယ်"

နှစ်ယောက်စလုံး လင်းဆက်ကိုကြည့်ကာ သက်ပြင်းကိုချ၏။

"ငါတို့က သူများနောက်ပါသွားမှာစိုးလို့ သတိပေးတာပါ"

"ရွှေအင်ကြင်းဝေက အခုတစ်မျိုးတော်ကြာတစ်မျိုးလုပ်မယ့်လူစားမျိုးမဟုတ်ပါဘူးကွာ"

"ထားပါတော့ကွာ . . . မင်းဘက်က အဆင်ပြေရင်ပြီးတာပဲ"





ထိုအချိန်မှာပဲ လင်းဆက်လက်ကိုင်ဖုန်းက မြည်သံကြား၍ ဖုန်းနံပါတ်ကိုကြည့်လိုက်ရာ ရွှေအင်ကြင်းဝေဖြစ်နေတာတွေ့ရ၍

"အင်ကြင်း . . . ပြော"

"ကိုလင်းဆက် အခုဘယ်မှာလဲဟင်"

"ကျွန်တော် အခုလက်ဖက်ရည်ဆိုင်မှာပါ"

"သြော် . . . . တစ်ခုလောက်ကူညီလို့ရမလား"

"ပြောလေ . . . အင်ကြင်း"

"ကျွန်မ အခုတောင်ဒဂုံဘက်မှာ ကားပျက်နေလို့လာခဲ့ပေးပါလားဟင် . . . မှောင်လည်းမှောင်နေပြီဆိုတော့ ကျွန်မတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘူး"

လင်းဆက် နာရီကိုကြည့်လိုက်တော့ ညခုနစ်နာရီတောင်ရှိပြီ။

လင်းဆက် ထိုင်နေရာမှဝုန်းခနဲထရပ်လိုက်ကာ ကားဆီသို့ပြေး၏။ ထို့နောက် ကားမောင်း၍ထွက်ခဲ့လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေရာက အကော်လူပြတ်သောနေရာဖြစ်သည်။ လမ်းဘေး ဝဲယာလယ်ကွင်းတွေအပြင် လူနေအိမ်ခြေမရှိ။ တော်တော်ဝေးဝေးမှာသာ မီးရောင်ပျပျကို မြင်နေရ၏။ ဒီကောင်မလေး ဒီနေရာကို ဘာ လုပ်လုပ်ပါလိမ့်ဟု လင်းဆက်တွေးနေမိ၏။

သူရောက်သွားတော့ အားရဝမ်းသာဖြစ်သွားပုံမှာ ရွှေအင်ကြင်းဝေ၏မျက်နှာမှာ ဖုံးဖိမရအောင်ပေါ်လွင်နေသည်။

"ကားက ဘယ်လိုဖြစ်တာလဲ"

"မသိဘူး . . . မောင်းနေရင်း ထိုးရပ်သွားတာပဲ"

"ဒီနေရာက လူပြတ်လိုက်တာ . . . အင်ကြင်း ဒီကိုဘာလာလုပ်တာလဲဟင်"

သူမချက်ချင်းမဖြေသေးဘဲ ငြိမ်နေသည်။ လင်းဆက်က ထပ်မေးတော့မှ . . . .

"ဟို . . ဗေ . . ဗေဒင်လာမေးတာ"

"ဗေဒင် . . . ဟုတ်လား"

"ဟုတ်"





"မြို့ထဲမှာလည်း ဗေဒင်ဆရာ/ဆရာမတွေ အများကြီးပါ . . . ဘာလို့ ဒီအထိဗေဒင်လာမေးရတာလဲ"

သူမအနောက်ဘက် တစ်နေရာသို့ လက်ညှိုးလေးထိုးပြကာ

"အဲဒီက ဆရာမက အရမ်းမှန်တယ်ဆိုလို့"

လင်းဆက် သက်ပြင်းကိုမှုတ်ထုတ်လိုက်သည်။ မိန်းကလေးဆိုသောလူမျိုးသည် ဗေဒင်နဲ့ပတ်သက်ရင် အယူသည်းထတ်မှန်း အခုမှပဲလက်ခံမိတော့၏။ အခုလည်းကြည့်၊ ဒီလောက်လူပြတ်သည့် မြို့စွန်အထိ လာပြီးဗေဒင်မေးရတယ်လို့။ တကယ်လို့လာမေးသည်ပဲ ထားဦး။ အဖော်တစ်ယောက်လောက်တော့ ခေါ်လာသင့်သည်ဟု ထင်သည်။

လင်းဆက် ကားရှေ့ဖုံးကိုဖွင့်၍ ဟိုကြည့်ဒီကြည့်လုပ်နေရင်းမှ ဘေးမှာလာရပ်နေသော သူမကိုလှည့်ကြည့်၍ . . .

"ဘာလို့ အင်ကြင်းက အဖော်ခေါ်မလာတာလည်း ကိုယ်က စိတ်ပူလို့ပြောတာပါ . . . ဆရာလုပ်တာမဟုတ်ဘူးနော်"

သူမခေါင်းလေးငုံ့သွားကာ လေသံလေးနှင့် . . .

"ခေါ်လာလို့ မရလို့ပေါ့"

"ဟင် . . . . ဘာလို့လဲ"

သူမ မဖြေ။

လင်းဆက် သူမကိုမျက်မှောင်ကြုတ်ကာကြည့်၍ . . . .

"ဘာလို့မဖြေတာလဲ"

လင်းဆက်အသံက နည်းနည်းမာသွားသည်။ သူ့ဘာသာသူလည်း သတိထားမိသည်။ သို့သော် မတတ်နိုင်တော့။ သူ့ရင်ထဲမှာ လောင်ဆူနေပြီ။ သူမကို ဒီအတိုင်းလုပ်ချင်ရာလုပ်ဆိုပြီး လွှတ်ထားလို့မရတော့။

ကိုယ်သိပ်ချစ်ရတဲ့ချစ်သူတစ်ယောက်အနေနှင့် တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်သွားမှာစိုးရိမ်သော စိတ်တစ်ခုသာ လင်းဆက်ရင်ထဲမှာဖြစ်ပေါ်နေတော့၏။

ရွှေအင်ကြင်းဝေက လင်းဆက်အသံကြားတော့ ခန္ဓာကိုယ်လေး တစ်ချက်တုန်သွားသည်။ သူမဘဝတစ်သက်တာမှာ ဖခင်မှလွဲ၍ သူစိမ်းယောကျာ်းလေးတစ်ယောက်အော်တာကိုခံရတာ ဒီတစ်ခါပထမဦးဆုံးပဲဖြစ်၏။ သို့သော် လင်းဆက်စကားကို သူမစိတ်မဆိုးမိ။ အဲဒါဘာလို့လဲဆိုတာကိုတော့ သူမရှင်းပြတတ်။

သူမ ကလေးတစ်ယောက်လိုသာ ခေါင်းငုံ့နေမိတော့သည်။

"ဆောရီးကွာ . . . ကျွန်တော် အင်ကြင်းအတွက် စိတ်ပူလွန်သွားလို့ပါ . . . ခုန အသံနည်းနည်းမာသွားတာ တောင်းပန်ပါတယ်"

"ရပါတယ်"

လင်းဆက် သက်ပြင်းရှည်တစ်ချက်ချလိုက်ကာ

"ကျွန်တော်မေးတာလေး ဖြေပါဦး . . . အင်ကြင်းဘာတွေလျှောက်လုပ်နေတာလဲဟင် . . . အခု ကားကဘာဖြစ်မှန်းမသိဘူး . . . ကျွန်တော်လည်း မပြင်တတ်ဘူး . . . ဒီနားကဝပ်ရှော့တစ်ခုကိုသွားပြီး လူသွားခေါ်မှရမယ်"

ထိုသို့ပြောပြီး ရှေ့ဖုံးကိုပိတ်လိုက်သည်။ ထိုအချိန်မှာ လူသုံးယောက်လောက် သူတို့နားကဖြတ်လျှောက်သွားကာ သူတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်သွားသည်။

ထိုလူတွေကိုကြည့်ပြီး ရွှေအင်ကြင်းဝေက လင်းဆက်လက်မောင်းကို အမှတ်တမဲ့ကိုင်လိုက်ပြီး အနားကပ်သွား၏။

လင်းဆက် လောကကြီးနှင့် ခဏအဆက်ပြတ်သွားသည်။ သူ့ရင်ဘတ်တစ်ခုလုံး နတ်ပြည်ရောက်သွားသလိုခံစားလိုက်ရ၏။ ဘယ်လောက်ထက်မြက်ရဲရင့်သည့်စိတ်ရှိသည့် မိန်းမတွေပဲဖြစ်ဖြစ်



အရေးကြုံလာလျှင်တော့ ယောကျာ်းတွေကို အားကိုးတတ်ကြစမြဲ။

ဒီညအဖို့တော့ လယ်ကွင်းထဲက ဂေါ်ဇီလာပဲတက်လာတက်လာ အင်ကြင်းကိုကာကွယ်ဖို့ လင်းဆက်ဆုံးဖြတ်ထားသည်။

"ကဲ . . . အင်ကြင်း . . . ကားတံခါးတွေ သေချာပိတ်ထားခဲ့ . . . ဒီနားတစ်ဝိုက် ဝပ်ရှော့သွားရှာရအောင် . . . ကျွန်တော့်ကားပေါ်တက်"

ထိုအချိန်ကျမှ သူမ လင်းဆက်လက်မောင်းကို ကိုင်ထားမိမှန်းသတိရသွား၍ ချက်ချင်းကောက်ဖြုတ်လိုက်ကာ ဘေးနားမှာရှက်ပြီးကြောင်စီစီလေးရပ်နေမိသည်။

လင်းဆက်က . . .

"တံခါးသွားပိတ်လေ"

ဟုပြောမှ သံပတ်ပေးလိုက်သည့် အရုပ်တစ်ရုပ်လိုထွက်သွားပြီး ကားတံခါးသွားပိတ်သည်။ သူမကိုကြည့်၍ လင်းဆက်ရင်ထဲမှာပြုံးချစ်မိသွားသည်။ အခုတော့လည်း ကလေးလေးတစ်ယောက်လိုပဲလားဟု တွေးနေမိ၏။

ဒီကောင်မလေးကို စိတ်မချနိုင်တော့။ သူ မျက်စိကွယ်ရာမှာ ဘယ်လိုမှလွှတ်မထားနိုင်တော့။

အရမ်းချစ်မိသွားပြီ။

ပြီးတော့ . . .။

ဘယ်လိုနည်းနဲ့မှ လက်လွှတ်မခံနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူမကားထဲဝင်လာသည်အထိ ဘာစကားမှမပြောဖြစ်။ လင်းဆက်ကတော့ လမ်းမှာတွေ့တဲ့လူတွေကို ကားဝပ်ရှော့လိုက်မေးနေသည်။ သူမကတော့ လင်းဆက်ဘေးမှ ခေါင်းလေးငုံ့ကာပါလာ၏။

လမ်းဆုံတစ်ခုက ဆိုက်ကားဂိတ်တစ်ခုမှာ စုံစမ်းလိုက်တော့မှ ဝပ်ရှော့ရှိတဲ့နေရာကိုသိသည်။ ဝပ်ရှော့ရောက်တော့ ဝပ်ရှော့ဆရာကိုခေါ်လာခဲ့၏။

ကားဆီရောက်တော့ ဝပ်ရှော့ဆရာက ဟိုကြည့်ဒီကြည့်လုပ်သည်။ ပြီးတော့မှ လင်းဆက်တို့ကို . . .

"ကားက ဆွဲမှရမယ် . . . နော်ဇယ်မကောင်းတော့ဘူးဗျ . . . အခုချိန်တော့ လုပ်လို့မရဘူး"

"ဒါဆို ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်တို့ဝပ်ရှော့ကိုပဲ ဆွဲသွားလိုက်မယ်လေ. . . ဒီညတော့ ကားကို ကျွန်တော်တို့ဝပ်ရှော့မှာပဲ ထားခဲ့တော့. . . မနက်ကျမှ လာခဲ့ပေါ့"





အခြေအနေအရ ဒီလိုလုပ်တာအကောင်းဆုံးဖြစ်သည်ဟု နှစ်ယောက်စလုံးတွေးမိသည်။ ထို့နောက် ကားဆွဲဖို့လိုက်ရှာရတော့သည်။ ကားကလည်း ရှားသည်။ ဒါတောင် ဝပ်ရှော့ဆရာပါနေ၍တော်သေး၏။ နောက်ဆုံး ဗိုင်နာတစ်စီးရသည်။ တောင်းသလောက်ဈေးကို မဆစ်တော့ဘဲ လုပ်ရကိုင်ရတော့၏။

ထိုကိစ္စတွေကို လင်းဆက်ကသာ အရာအားလုံးဦးဆောင်၍ လုပ်သွားသည်။ ရွှေအင်ကြင်းဝေက လင်းဆက်ရဲ့ကားထဲမှာ ငြိမ်သက်စွာထိုင်နေဆဲ။ သူမပုံစံက အပြစ်လုပ်ထားသည့်ကလေးငယ်လေးတစ်ယောက်လိုဖြစ်နေသည်။ လင်းဆက်လုပ်တာကိုင်တာတွေသာ လိုက်ကြည့်နေမိ၏။

ကိစ္စအားလုံးပြီးသွားတော့ လင်းဆက်က သူမအား . . .

"ကဲ . . . အားလုံးပြီးပြီ. . . အခု အင်ကြင်းကိုလိုက်ပို့ပေးမယ် . . . မနက်ကျတော့ ကျွန်တော့်ကိုဖုန်းခေါ်လိုက် . . . ကျွန်တော်လိုက်လုပ်ပေးမယ်နော်"

သူမ လင်းဆက်ကိုမော့ကာကြည့်၏။ သူမမျက်ဝန်းမှာ အရောင်တို့လဲ့စိုနေသည်။ လင်းဆက်နှင့် အကြည့်ချင်းဆုံတော့ သူမမျက်လွှာလေးချလိုက်ကာ . . . .

"ကိုလင်းဆက်"

"ဗျာ"

"ကျွန်မ ခုနပေဒင်သွားမေးတယ်ဆိုတာ ဘာကြောင့်လဲ သိလား"

"ဟင့်အင်း"

"ဟို . . ဟိုဟာ . . . ကိုလင်းဆက်အကြောင်း သွားမေးတာ"

"ဗျာ"

လင်းဆက် အံ့သြစွာဆိုတော့ . . . .

www.burmeseclassic.com



"ဟုတ်တယ် . . . ကိုလင်းဆက်နဲ့ ကျွန်မနဲ့ ဘယ်လိုဖြစ်မလဲ သွားမေးတာ"

"ဟုတ်လား . . . ဟိုက ဘာပြောလိုက်လဲ"

သူမမျက်နှာ ပန်းနုရောင်လေးသမ်းသွားသည်။ ပြီးတော့ ခေါင်းကလေးကို ပိုငုံ့သွားသည်။ ပြီးတော့ ခေါင်းလေးခါပြကာ . . .

"မပြောပြဘူး"

"ဘာလို့လဲဟင်"

"သိဘူး"

လင်းဆက်ရင်ထဲမှာ ပိုးပေါင်းတစ်ထောင် ထကြွသောင်းကျန်းပြီ။ ဘယ်လောက်ချစ်စရာကောင်းတဲ့ ကောင်မလေးလဲ။

သူ့ရှေ့မှာခေါင်းလေးငုံ့ပြီး ရှက်ပြုံးလေးနှင့်နေသည့် ကောင်မလေးရဲ့လက်ကလေးကို လင်းဆက်ဆုပ်ကိုင်မိသည်။

သူမခန္ဓာကိုယ်တစ်ချက်တုန်ကာသွားသည်။ ပြီးတော့ ရှုန်းကြည့်သည်။ လင်းဆက်ကမလွှတ်၍ ငြိမ်နေမိ၏။

ထိုအချိန်မှာ ကားရှေ့က ခွေးဖြတ်ပြေးသွားသည်။ လင်းဆက်က ဦးနှောက်ထဲ ပိုးရောက်နေ၍မမြင်။ အင်ကြင်းကမြင်၍. .

"ကိုလင်းဆက်. . . ခွေး"

"ဟင်"

အဲဒီတော့မှ လင်းဆက်က ကားကိုရုတ်တရက်ကွေ့ချလိုက်တော့ ရွှေအင်ကြင်းဝေခန္ဓာကိုယ်လေးက လင်းဆက်ပေါ် ပြိုကျလာသည်။

"အို"

ကိုရွှေခွေးကတော့ ကြောက်လန့်ပြီး ဖင်ဒရွတ်သီကာ လမ်းဘေးကမြောင်းထဲခုန်ချသွားသည်။ ဂိန်ခနဲ အသံတစ်ချက်ကြားလိုက်ရသည်။





ခွေးကို ကျေးဇူးတင်စွာဖြင့် လင်းဆက်က ရွှေအင်ကြင်းဝေ၏ ပခုံးလေးကိုဖက်ထားလိုက်တော့၏။

သူမ မရုန်းတော့ပါ။

လင်းဆက်က . . .

"အင်ကြင်း"

"ရှင်"

"ဗေဒင်က ဘာဟောလိုက်လဲဟင်"

သူမခေါင်းလေးခါပြတုန်းပင် . . .။

"မပြောဘူးလား"

"ပြောဘူး"

"အဲဒါဆို ကို ပြောပြရမလား"

"အင်း"

"အင်ကြင်းနဲ့ကိုယ်နဲ့ ချစ်သူတွေဖြစ်ကြမယ်တဲ့ . . . ဟုတ်တယ်မဟုတ်လား"

"အမ် . . . အဲဒီလိုမဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

သူမ ခဏငြိမ်သွားပြီးမှ . . .

"ကိုလင်းဆက်က ကျွန်မရဲ့အိမ်ထောင်ဖက်ကောင်းတစ်ယောက်ပါတဲ့"

"ဟား ဟား ဟား . . . အဲဒီဗေဒင်ဆရာမကို ကျေးဇူးတင်လိုက်တာ . . . သူလုပ်ပေးလို့ ကိုတို့အခုလိုချစ်သူတွေဖြစ်သွားကြတာ"

"အံမယ် . . . ဘယ်သူက ချစ်တယ်ပြောလို့လဲ"

"အင်းလေ . . . ပြောဖို့မှ မလိုတော့တာ"

"ဟွန်း . . . လူလည်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထက်လည်တဲ့ကိစ္စတစ်ခုရှိသေးတယ်"

"ဘာလဲ"

"စိတ်မဆိုးရဘူးနော်"

"အင်း"

"ဟို . . . ပဲခူးသွားရမယ်လို့ပြောတဲ့ကိစ္စ သိလား"

"အင်း"

"အဲဒါ ဒိုင်ယာရီထဲမှာမပါဘူး . . . ကိုယ်က တမင်တကာ ဇာတ်လမ်းဆင်ပြီးပြောလိုက်တာ"

"ဟယ် . . . ကြည့်စမ်း . . . ဘာလို့ အဲဒီလိုလုပ်ရတာလဲ"

"အင်ကြင်းနဲ့ဆုံချင်လို့ပေါ့"

"အဲဒါကြောင့် ထင်တော့ထင်သား . . . ဘာလို့ ပဲခူးသွားရမှာပါလိမ့်လို့ . . . ဟိုရောက်တော့လည်း ကိစ္စကြီးငယ် ဘာမှမရှိဘူး . . . လက်စသတ်တော့ လူလည်ကျလိုက်တာကိုး"

"ချစ်လို့ပါ အင်ကြင်းရယ်"

"ကဲ . . . ချစ်ဦး"

ရွှေအင်ကြင်းဝေက လင်းဆက်ဗိုက်ကြောကို လိမ်ဆွဲပစ်လိုက်သည်။

လင်းဆက်ကရယ်၍ ပိုမိုတင်းကျပ်စွာဖက်ထားလိုက်၏။

ချစ်သူနှစ်ဦးရယ်သံများသည် လမ်းဘေးဝဲယာသို့ ကြည်နူးစွာပျံ့လွင့်လျက်

မိုးကောင်းကင်တွင် ကြယ်လေးတွေ လှပစွာတောက်ပနေပါတော့သည်။ ဒီညထွက်တဲ့ကြယ်က ပိုမိုလင်းလက်သည်ဟု သူတို့ ထင်မြင်မိပါတော့သည်။

ကြိုးစားလျက်
မိုးဆက်လင်းထက်

BURMESE CLASSIC

www.burmeseclassic.com